# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရနေ့ထူးနေ့မြတ်နေ့ရက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့်သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်များအား သက်ဆိုင်ရာဒေသများအတွင်း တရားဝင် ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | မုံရွာမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ရေမြောင်းစနစ် စနစ်တကျဖြစ်စေရေးနှင့် ရေဆိုးထုတ် မြောင်းမကြီးများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းနယ်နိမိတ်အကျယ် သတ်မှတ် ပေးပြီး လမ်းမကြီးများဘေး အုတ်စီရေမြောင်းများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ဆော့လော်မြို့၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ လန်ဆယ် ရွာမကြီး၊ သဘာန်ခကျေးရွာနှင့် အခြားရေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | တောင်တွင်းကြီးမြို့၊ အစိုးရမြို့မ မူကြိုကျောင်းကို အဆောက်အဦသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၀ | အိန္ဒိယအစိုးရထံမှရရှိမည့် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြမည်၊ ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် ဒေသများရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်တို့ကို သိလိုခြင်းနှင့် | ၂၀ |

စပ်လျဉ်းသည့်မေးခွန်း


၁၁ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည် အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၅

၁၂ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၁

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၃၉

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၁–၆–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့် သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်များအား သက်ဆိုင်ရာ ဒေသများအတွင်း တရားဝင် ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ )　ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းတွင် ရေမြောင်းစနစ် စနစ်တကျ ဖြစ်စေရေးနှင့် ရေဆိုးထုတ်မြောင်းမကြီးများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ )　ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းနယ်နိမိတ်အကျယ် သတ်မှတ်ပေးပြီး လမ်းမကြီးများဘေးအုတ်စီရေမြောင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ)　ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ဆော့လော်မြို့၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ လန်ဆယ်ရွာမကြီး၊ သဘန်ခကျေးရွာနှင့် အခြားရေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( င )　ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီးမြို့၊ အစိုးရမြို့မ မူကြိုကျောင်းကို အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ )　ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **အိန္ဒိယအစိုးရထံမှ ရရှိမည့် အမေရိကန်ဒေါ်လာ(၂၅)သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြမည်၊ ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် ဒေသများရွေးချယ်ရာတွင် မည်သည့် စံနှုန်းများဖြင့် သတ်မှတ်မည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က **"တစ်နေ့တခြား များပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိန်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ် ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အငြှမပုံမှန်အစည်းအဝေး**
**ဒသမနေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အငြှမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အငြှမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အငြ⊞ငြမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊
(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၃) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၄) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊
(၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၆) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊
(၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၈) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊
(၉) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊
(၁၀) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊
(၁၁) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊
(၁၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊
(၁၃) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊
(၁၄) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၅) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ခွင့် ၁ ရက်၊
(၁၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၁၇) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၈ ရက်၊
(၁၈) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၁၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊
(၂၀) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၂၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၂၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊
(၂၃) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊
(၂၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်နှင့်
(၂၅) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရနေ့ထူးနေ့မြတ်နေ့ရက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့်သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်များအား သက်ဆိုင်ရာဒေသများအတွင်း တရားဝင်ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းမယ့်မေးခွန်းကတော့ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရနေ့ထူးနေ့မြတ်နေ့ရက်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းနှင့်သက်ဆိုင်သော အထင်ကရနေ့ထူးနေ့ရက်များကို သက်ဆိုင်ရာဒေသအတွင်း ပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုအစိုးရက တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက အဆိုတစ်ခုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုကတော့ ပြည်နယ်များတွင် သက်ဆိုင်ရာပြည်နယ်များ၏ နေ့ထူးနေ့ရက်နေ့မြတ်များအား ပြည်နယ်အစိုးရက တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ပေးရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကို အဲဒီတုန်းက သမ္မတရုံးဝန်ကြီးဌာန(၂) ဦးစိုးမောင်က ဖြေကြားသွားရာမှာတော့ လက်ရှိတွင်လည်းပဲ ပြည်နယ်နေ့တွေကို ပြည်နယ်နေ့ကျရောက်တိုင်း သက်ဆိုင်ရာပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်နေမြဲဖြစ်ပါတယ်။ လိုအပ်ပါက ပြည်နယ်အစိုးရများထံ ထပ်မံပြီးတော့ နှီးဆော်အကြောင်းကြားပါမယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒါပေမဲ့ ဒီနှစ်ထဲအထိ ပြည်နယ်နေ့တွေဟာ ပြည်နယ်နေ့အပါအဝင် အထင်ကရနေ့ထူးနေ့မြတ်တွေဟာ သက်ဆိုင်ရာပြည်နယ်အတွင်းမှာ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားခြင်းမရှိတဲ့အတွက် ပြောင်းလဲလာတဲ့အခြေအနေအရ အချိန်အခါအပေါ်မှာမူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ထပ်ပြီးတော့ မေးမြန်းခြင်းအားဖြင့် အဖြေရှာရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၉ မှာ နိုင်ငံတော်ကို တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုဆိုပြီးတော့ ပိုင်းခြားဖွဲ့စည်းထားပါတယ်။ အဲဒီလို ပြည်ထောင်စုနယ်မြေအတွင်းမှာဖွဲ့စည်းထားတဲ့ ပြည်နယ်တွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ဆန္ဒအရ ပြည်နယ်သမိုင်း၊ လူမျိုးသမိုင်းအပေါ်မှာအခြေခံပြီးတော့ ပြည်နယ်နေ့တွေကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီပြည်နယ်နေ့တွေကို ကျင်းပတဲ့အခါမှာ ပထမပိုင်းမှာတော့ စည်စည်ကားကားကျင်းပနိုင်ခဲ့ပါတယ်။ နောက် ကြာလာတဲ့အခါမှာ ဘယ်လိုဖြစ်လာလဲဆိုတော့ ပြည်နယ်နေ့တွေဟာ ရုံးပိတ်ရက် မဟုတ်တဲ့အတွက်နဲ့ ဦးဆောင်ကျင်းပရတဲ့ပုဂ္ဂိုလ်တွေရော၊ ဝန်ထမ်းတွေရော၊ ကျောင်းသားတွေရော အဲဒီလို

မတက်ရောက်နိုင်ခဲ့တဲ့အတွက် စည်စည်ကားကားမဖြစ်တော့ဘဲ နောက်ပိုင်းမှာကျတော့ အဖြစ်သဘော မျိုးပဲ လုပ်ဆောင်လာတာတွေ့ရပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုရင် အခုနကလို ပြည်နယ်နေ့ကို နိုင်ငံတော်က ပြည်နယ်အတွင်းမှာ အစိုးရရုံးပိတ်ရက်အဖြစ် မသတ်မှတ်နိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီအပေါ်မှာထပ်ပြီးတော့ ပြည်နယ်နေ့တွေကို တရားဝင်ရုံးပိတ်ရက် အဖြစ်သတ်မှတ်ဖို့ ခေတ်ကာလအခြေအနေအရ၊ ပြောင်းလဲလာတဲ့နိုင်ငံရေးအခြေအနေအရ လိုအပ်မယ်ထင်လို့ ဒီမေးခွန်းကို ထပ်ပြီးမေးရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမှာ ဖြစ်ပေါ်တိုးတက်လာတဲ့ နိုင်ငံရေးအခြေအနေအရ နိုင်ငံတော်ကို ငြိမ်းချမ်းသောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ဖို့ ကြိုးစားနေတဲ့ကာလဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့စကားကို ပါးစပ်နဲ့ပြောရုံနဲ့ မရပါဘူး။ တိုင်းရင်းသားတွေရဲ့သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးသားရေးလက္ခဏာ တွေကို ထိန်းသိမ်းဖော်ဆောင်မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ အခုဆိုရင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပါပြီ။ ပြီးတော့ တိုင်းရင်းသား ရေးရာဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါပြီ။ ဒီအခြေအနေတွေကို အသုံးပြုပြီးတော့ ကျွန်တော်တို့က ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်မယ်ဆိုရင် နေ့ထူးနေ့မြတ်တွေကို တရားဝင်ရုံးပိတ်ရက် အဖြစ် သတ်မှတ်ခြင်းက အကောင်းဆုံးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါက တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေ အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)မှာ တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေးရပိုင်ခွင့်များဆိုတာ ပြဋ္ဌာန်းထားပါတယ်။ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းအရ ဆောင်ရွက်ရသောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိ သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒါက ရခိုင်ပြည်နယ်မှာ ချင်းအမျိုးသားနေ့ကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့တဲ့အခမ်းအနားဖြစ်ပါတယ်။ ဒါက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဖြစ်ပါတယ်။ ဒါက ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်မှာ အစိုးရရုံးပိတ်ရက်အဖြစ် ပြည်နယ် လွှတ်တော်က အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီလိုအခြေအနေ မျိုးမှာ ကျွန်တော်တို့က ချင်းပြည်နယ်မှာလည်း ချင်းအမျိုးသားနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့တယ်ဆိုရင် အခု ဝန်ကြီးကလည်း ဒီမေးခွန်းကို တစ်နှစ်ခွဲအချိန်ယူပြီးတော့ ဖြေကြားခဲ့တာ ဖြစ်တဲ့အတွက်နဲ့ ဒီအပေါ်မှာ ကျွန်တော်တို့က ကောင်းသောမျှော်လင့်ချက်တွေနဲ့ ကောင်းသောရလဒ် တွေရနိုင်လိမ့်မယ်လို့ ယူဆတဲ့အတွက် ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးနိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့ကိုလည်းကောင်း၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကို အခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရနေ့ထူးနေ့မြတ်နေ့ရက်များကိုလည်းကောင်း၊ ပြည်နယ်အတွင်း တရားဝင်အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့် သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့ရက်များကို ၎င်းဒေသအတွင်း တရားဝင်ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ခြင်းတို့ကို သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ယခု မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ မေးခွန်းကဲ့သို့ပင် ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း၏ ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးအဆိုတစ်ရပ်ကို ယခင် သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က လည်းကောင်း၊ အလားတူ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ ကချင်ပြည်နယ် နေ့ကို အများပြည်သူရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကြယ်ပွင့်မပြ မေးခွန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနကလည်းကောင်း ဖြေကြားရာတွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ သက်ဆိုင်ရာပြည်နယ်အစိုးရများကို လွတ်လပ်စွာဆုံးဖြတ်ခွင့်ပေးထားပြီး ဖြစ်ပါကြောင်း၊ လက်ရှိလည်း ပြည်နယ်နေ့ကျရောက်တိုင်း သက်ဆိုင်ရာပြည်နယ်အစိုးရများ၏ အစီအစဉ်နှင့် ဆောင်ရွက်ကျင်းပမြဲဖြစ်ပါကြောင်း၊ ပြည်နယ်နေ့အား အများပြည်သူရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အဖြစ် ထပ်တိုး၍ သတ်မှတ်ရန်ကိစ္စကို ဆောင်ရွက်ရန်မသင့်ကြောင်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဝင်(ပြန်တမ်းဝင်) ရုံးပိတ်များစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နှစ်စဉ်အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အဆိုပါ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအပါအဝင် တစ်နှစ်လျှင် ပြန်တမ်းဝင်ရုံးပိတ်ရက် ပျမ်းမျှ ၂၆ ရက်ခန့်ရှိပါတယ်။ ထို့အပြင် ရက်သတ္တပတ်တိုင်း စနေနေ့နှင့် တနင်္ဂနွေနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်အတွက် တစ်နှစ်လျှင် ပျမ်းမျှရုံးပိတ်ရက် ပေါင်း ၁၃၀ ရက်ခန့်ရှိပါတယ်။ မြန်မာနိုင်ငံတွင် ပြည်နယ်ခုနစ်ခုရှိပါတယ်။ ပြည်နယ်နေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါက ပြည်နယ်အလိုက် ရုံးပိတ်ရက်များ တစ်ရက်စီတိုးလာမှာဖြစ်တဲ့အပြင် မြန်မာနိုင်ငံမှာ လူမျိုးစု ၁၃၀ ကျော်ရှိသည့်အတွက် ၎င်းလူမျိုးစုတစ်ခုချင်းစီ၏ နှစ်သစ်ကူးနေ့နှင့်

အမျိုးသားနေ့များကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပါက ရုံးပိတ်ရက်များ အလွန်များပြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော တိုင်းရင်းလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)တွင် တိုင်းရင်းသား လူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ တို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ဆောင်ရွက်သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်ဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားများသည် ပြည်နယ်များ၏ ပြည်နယ် နေ့များ၊ အမျိုးသားနေ့များနှင့် ဓလေ့ထုံးစံအရ ကျင်းပသည့်နှစ်သစ်ကူးနေ့များကို အဆိုပါဥပဒေနှင့် အညီ ကျင်းပဆောင်ရွက်ခွင့်ရှိပါတယ်။ ရုံးဖွင့်ရက်များတွင် ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်း များ၊ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းတို့ကို ဆောင်ရွက်ရသည့်အတွက် ရုံးပိတ်ရက်များလာပါက ပြည်သူတို့ရဲ့အကျိုးကို ဆောင်ရွက်ပေးနိုင်မည့် အချိန် လျော့နည်းသွားမှာဖြစ်ပါတယ်။ ယခုအချိန်အခါတွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန် အားလုံးက အရှိန်အဟုန်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိရာ ရုံးပိတ်ရက်များလာပါက ဖွံ့ဖြိုးတိုးတက် ရေးကို အနည်းနှင့်အများ ထိခိုက်မှုရှိလာမှာဖြစ်ပါတယ်။

သို့ပါ၍ ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့ရက်များကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆုံးဖြတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက စဉ်းစားဆောင်ရွက် ရမည့်အကြောင်းအရာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဝန်ကြီး အခုလို ပြည့်ပြည့်စုံစုံဖြေကြားသွား တာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့စည်းပြီးတဲ့ နောက်ပိုင်းမှာ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်ခြင်းဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ကျွန်တော်တို့က တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်တွေ ပိုပြီးတော့ ထူးခြားလာမလား။ တိုင်းရင်းသား ဝန်ကြီး တစ်ပါးလည်းဖြစ်တဲ့အတွက် ဒီအပေါ်မှာ အလေးထားပြီးတော့ ကျွန်တော်တို့ မျှော်လင့်ချက်နဲ့ ဒီမေးခွန်းကို မေးခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ အခု ဝန်ကြီးဖြေကြားသွားတဲ့အတိုင်းကတော့ ကျွန်တော်တို့အနေနဲ့၊ တိုင်းရင်းသားတွေအနေနဲ့ အလွန်ပဲ စိတ်ပျက်မိပါတယ်။ အားလည်းငယ်မိပါ တယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ဒါကို ပြည်နယ်အစိုးရနှင့် လွှတ်တော်တွေက စဉ်းစားဆောင်ရွက် ရမယ့်ကိစ္စဖြစ်တယ်လို့လည်း ပြောပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့တော့ ဒီအပေါ်မှာ ဒီလိုပြဋ္ဌာန်း ပေးနိုင်ဖို့ မဖြစ်ဘူးဆိုတာကိုတော့ ပြောတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ပြည်နယ်အတွင်းမှာ တစ်ရက်ပဲ တိုးမယ်။ နှစ်ရက်ပဲတိုးမယ်။ ပြည်နယ်အတွင်းမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးခြုံပြီးတော့ ဒါ အဲဒီရုံးပိတ်ရက်ဟာ အကျိုးသက်ရောက်သွားမှာမဟုတ်ပါဘူး။ ဒီဒေသအတွင်းမှာ တစ်ရက်၊ နှစ်ရက်

လောက်တိုးလို့ ဘာမှပြဿနာမဖြစ်ပါဘူး။ ကျွန်တော်တို့ ပျော်ပွဲ၊ ရွှင်ပွဲရက်တွေ ဗုဒ္ဓဘာသာအားဖြင့် ရုံးပိတ်ရက်တွေဟာ များပါတယ်။ ဒီဒေသမှာ အမျိုးသားရေးနဲ့ယှဉ်တဲ့ ဒီတစ်ရက်၊ နှစ်ရက်လေးကို တောင်မှ ကျွန်တော်တို့က လုပ်တဲ့အတွက်ကြောင့် ဒီနိုင်ငံမှာ လုပ်အားပဲ လျော့ဆင်းသွားတော့မလိုလို၊ တိုင်းပြည်ကြီးပဲ ပျက်သွားမလိုလို အဲဒါမျိုးကတော့ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီဒေသမှာ ရှိတဲ့ ပြည်နယ်လွှတ်တော်တွေက အခုနက ချင်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပြီ။ ဒါ တရားဝင် သလား။ ဝန်ကြီးပြောတာက ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်တွေက စဉ်းစားပြီး ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်တယ်ဆိုတော့ ချင်းပြည်နယ်အစိုးရရဲ့ အခုနက အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခြင်းက တရားဝင်ပါသလား။ တစ်ချက်မေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို တရားဝင်ရုံးပိတ်ရက် မသတ်မှတ်ရင် ကျွန်တော်တို့ အခမ်းအနားတွေက မစည်ကားပါဘူး။ ဝန်ထမ်းတွေလည်းမလာနိုင်ဘူး။ ကျောင်းသားတွေလည်းမလာနိုင်ဘူး။ ဆက်နွှယ်တဲ့အသိုင်းအဝိုင်းတွေလည်း မလာနိုင်တဲ့အတွက် အဲဒါကြောင့် ကျွန်တော်တို့ မေးရတာဖြစ်ပါတယ်။ အငြိမ့်သားထိုင်ပြီးတော့ အေးအေးဆေးဆေးနေဖို့ အတွက် မေးရတာမဟုတ်ပါဘူး။ ဒါကြောင့် အဲဒါက တရားဝင်မှုရှိပါသလား။ တကယ်လို့ အဲဒါက တရားမဝင်ဘူးဆိုရင် ဝန်ကြီးအနေနဲ့ ဘယ်လိုလမ်းကြောင်းကသွားရင် ဒီကိစ္စက အဆင်ပြေမယ်ဆိုတဲ့ ယူဆချက်လေးကို ကျွန်တော့်အနေနဲ့ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ ဖြေကြားနိုင်မယ်ဆိုလို့ရှိရင် ဖြေကြားပေးပါ။ တကယ်လို့ မဖြေကြားပေးနိုင်ဘူးဆိုလို့ရှိရင် နောက်မှ စာနဲ့ ပြန်ဖြေကြားပေးလို့ ရပါတယ်။

**ဦးနိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ အခုနက ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ဒေသအာဏာပိုင်တွေက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး ဆုံးဖြတ်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက ဆောင်ရွက်ရမည့်အကြောင်းအရာဖြစ်ပါတယ်။ သူတို့ဒေသဆိုင်ရာ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအာဏာပိုင်နဲ့ ဒီနေ့ထူးနေ့မြတ်ရက်တွေ ကျင်းပတဲ့နေ့ဟာ သူတို့ကို ဆုံးဖြတ်ပိုင်ခွင့်အပြည့်အဝပေးထားတယ်။ လွတ်လပ်စွာကျင်းပနိုင်တယ် ဆိုပြီးတော့ ကျွန်တော်တို့ရဲ့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၃) အပိုဒ် ၄ ပုဒ်မ(ဂ)တွင် တိုင်းရင်းသားလူမျိုးများ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေနှင့် မဆန့်ကျင်လျှင် မိမိတို့ရဲ့လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ဒါတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်သူ့။ အကယ်၍သာ ပြည်ထောင်စုအစိုးရက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ အနေနဲ့ သတ်မှတ်ပေးရန်မရှိဘူးဆိုတာ ကျွန်တော် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**မုံရွာမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ရေမြောင်းစနစ် စနစ်တကျဖြစ်စေရေးနှင့် ရေဆိုးထုတ်မြောင်းမကြီးများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှစ်ဖြာသောချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးဆုံးနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ မုံရွာစည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ ရေမြောင်းစနစ် စနစ်တကျဖြစ်ဖို့ရန်နဲ့ ရေဆိုးထုတ်မြောင်းမကြီးများ ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ မေးလိုတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့မုံရွာမြို့ဟာ တိုင်းဒေသကြီးရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ လူဦးရေတစ်သိန်းအထက်မှာရှိတဲ့မြို့ကြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ရပ်ကွက် ၃၁ ရပ်ကွက်လုံးမှာ ရေစီးရေလာမကောင်းတဲ့အတွက် ရေကြီးရေလျှံမှုတွေ အမြဲတမ်းဖြစ်နေတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

တကယ်တော့ ကျွန်တော်တို့မုံရွာမြို့ရဲ့ပထဝီအနေအထားဟာဆိုရင် မုံရွာမြို့ရဲ့မြောက်ဘက်ပိုင်းမှာ ကံသာယာ၊ လယ်တီအင်း ရှိပါတယ်။ တောင်ဘက်ပိုင်းမှာ ညောင်ကိုင်းအင်း ရှိပါတယ်။ အနောက်ဘက်မှာ ချင်းတွင်းမြစ်ကြီးရှိပါတယ်။ စနစ်တကျစီမံလို့ရှိရင် ရေစီးရေလာကောင်းမွန်လာနိုင်တဲ့အခြေအနေရှိပါတယ်ခင်ဗျား။ မုံရွာမြို့ရဲ့ရေစီးရေလာနဲ့ပတ်သက်လို့ရှိရင် အပိုင်းနှစ်ပိုင်းရှိပါတယ်။ နံပါတ်(၁)အပိုင်းကတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ဆိုင်တဲ့ အဝေးပြေးလမ်းမကြီးဘေးမှာရှိတဲ့မြောင်းကြီးတွေဖြစ်ပါတယ်။ နောက် နံပါတ်(၂)အပိုင်းကတော့ စည်ပင်သာယာနယ်နိမိတ်အတွင်းမှာရှိတဲ့ ရပ်ကွက်ထဲမှာရှိတဲ့ လမ်းဘေးကရေမြောင်းငယ်တွေ ဖြစ်ပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးနဲ့ဆိုင်တဲ့ လမ်းမကြီးတွေ မုံရွာမြို့မှာငါးလမ်းရှိပါတယ်။ မုံရွာ-ပခုက္ကူလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်ထောင်စုလမ်း၊ နောက်ပြီးတော့ ကျောက်ကာလမ်း၊ သာစည်လမ်းတို့ဖြစ်ပါတယ်ခင်ဗျား။ အဲဒီလမ်းတွေထဲမှာမှ မုံရွာ-ပခုက္ကူလမ်းဟာ အနောက်ဘက်ချင်းတွင်းမြစ်ဘက်ကို ဦးတည်သွားပါတယ်။ မြောင်းတွေကလည်း အဲဒီဘက်ကိုသွားတယ်။ အဲဒီချင်းတွင်းမြစ်ရောက်တဲ့အခါမှာ တာတမံ၊ တာရိုးကြီးတွေအမြင့်ကြီးလုပ်ထားတဲ့အတွက်ကြောင့် တစ်ဖက်ပိတ်ဆည်ကြီးလိုဖြစ်ပြီးတော့ ရေကြီးရေလျှံမှုတွေလည်းဖြစ်စေပါတယ်။ မြစ်ဘက်ကိုထွက်တဲ့ ရေတံခါးတွေကဝေးကွာတယ်။ ရေမြောင်းတွေက ကျဉ်းမြောင်းတဲ့အတွက်ကြောင့် ရေကြီးရေလျှံဖြစ်ခြင်းဖြစ်ပါတယ်ခင်ဗျား။

တခြား ပြည်ထောင်စုလမ်းမကြီးတွေရဲ့ဘေးမှာရှိတဲ့လမ်းတွေမှာတော့ ရေမြောင်းတွေအများစု ရှိပါတယ်။ ရေမြောင်းမရှိတာက အနည်းစုသာဖြစ်ပါတယ်ခင်ဗျား။ အဲဒီကျန်တဲ့နေရာတွေကို ပြည်သူ့ဆောက်လုပ်ရေးဌာနက ရေမြောင်းတွေဖောက်လုပ်ပေးဖို့ လိုအပ်ပါတယ်။ ရေမြောင်းရှိပြီးသားနေရာ

တွေကိုလည်းပဲ ရှင်းလင်းပေးဖို့လိုအပ်ပါတယ်ခင်ဗျာ။ အပိုင်း(၂)စည်ပင်နယ်ထဲမှာရှိတဲ့၊ ရပ်ကွက်ထဲမှာရှိတဲ့လမ်းဘေးတွေက ရေမြောင်းတွေဟာ နေရာအများစုမှာရှိပြီးသားဖြစ်ပါတယ်။ ကျန်တဲ့ဟာက အနည်းငယ်ပဲ ဖြစ်ပါတယ်။ ကျန်တဲ့နေရာတွေကို စည်ပင်သာယာကနေပြီးတော့ ပြည်သူလူထုကို စည်းရုံးပြီးတော့ ရေမြောင်းတွဖောက်လုပ်ပေးလို့ရှိရင် ရနိုင်ပါတယ်ခင်ဗျား။ ပြည်သူ့ဆောက်လုပ်ရေးနဲ့ဆိုင်တဲ့ မြောင်းမကြီးတွေရယ်၊ စည်ပင်သာယာနဲ့ဆိုင်တဲ့မြောင်းငယ်လေးတွေရယ် ချိတ်ဆက်ပေးလိုက်လို့ရှိရင် ရေစီးရေလာကောင်းလာမှာ ဖြစ်ပါတယ်ခင်ဗျား။ ရေဆိုးထုတ်မြောင်းမကြီးတွေကတော့ ကျွန်တော်တို့မုံရွာမြို့မှာ နဂိုကရှိပြီးသားဖြစ်ပါတယ်။ ဒါဟာ နဂိုသဘာဝရေစီးကြောင်းကြီးတွေ ဖြစ်ပါတယ်။ ရေမြောင်းကြီးတွေဖြစ်ပါတယ်။ မြို့ထဲရောက်လာတဲ့အခါကျတော့ အိမ်ဝင်းခြံမြေတွေက ပိတ်ပြီးတော့ မြောင်းတွေကျဉ်းသွားပါတယ်။ ကျဉ်းသွားတဲ့အတွက်ကြောင့် တချို့နေရာတွေမှာပိတ်သွားပါတယ်။ ရေစီးကပုံမှန်မစီးနိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မုံရွာမြို့မှာ တစ်နှစ်ဆိုလို့ရှိရင် စည်ပင်ဝင်ငွေဟာ သန်း ၃၀၀၀ လောက်ရပါတယ်။ ဒီဝင်ငွေတွေနဲ့ မြို့ဖွံ့ဖြိုးတိုးတက်ဖို့ရန် လုပ်နေပေမဲ့လည်း အိတ်ပေါက်နဲ့ဖားကောက်သလိုပဲ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးတာတွေပြင်ဆင်နေရတဲ့အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာဖြစ်မလာတဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင်ထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ရဲ့မေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား နေပြည်တော်ကောင်စီကနေပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားပေးမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရဲ့စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ရေမြောင်းစနစ် စနစ်တကျဖြစ်စေဖို့နဲ့ ရေဆိုးထုတ်မြောင်းမကြီးများပြုလုပ်ဖို့ရာ အစီအစဉ်ရှိ/မရှိ စည်ပင်သာယာရေးကော်မတီအနေနဲ့ ရေစီးရေလာကောင်းမွန်စေရေးအတွက် အဓိကရေထွက်ပေါက် ငါးပေါက်ကို အပိုင်းလိုက်ခွဲခြားပြီးတော့ စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ အခု ကျွန်တော်တင်ပြမယ့် မုံရွာစည်ပင်သာယာရေးကော်မတီရဲ့ ဘဏ္ဍာရေးနှစ်အလိုက် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေးနဲ့ တခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ လမ်းဖြတ်တံတားတွေပြုလုပ်တယ်။ အုတ်ရေမြောင်းတွေပြုလုပ်ရပါတယ်။ ရေမြောင်းတူးဖော်ရပါတယ်။ အုတ်နံရံကွန်ကရစ်တံတားများ တည်ဆောက်ပါတယ်။ ပင်မကျောက်ရိုးစီရေမြောင်းပြုလုပ်ရပါတယ်။ Box Culvert များ ပြုလုပ်ကြရပါတယ်။ အဲဒီတော့ ၂၀၁၃-၂၀၁၄ ခုနှစ်ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်ထိအောင် လုပ်ငန်းပေါင်း ၄၅ ခုကို သိန်းပေါင်း

၁၄၈၉.၆၆၅ နဲ့ ဆောင်ရွက်ခဲ့ပြီးတော့ဖြစ်နေပါပြီ။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အတိုင်းပဲ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဘူတာလမ်း၊ စာရေးတန်းလမ်း၊ ပြည်ထောင်စုလမ်း၊ ဗိုလ်ချုပ်လမ်း၊ အုန်နွဲ့ပင်လမ်း၊ အေးသာယာ(၁)လမ်း၊ ရုံးကြီးလမ်းတွေမှာ အုတ်ရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းကို ပေ ၃၂၀၀၊ ကျပ်သိန်း ၁၀၅၀ နဲ့လည်းကောင်း၊ နောက် မြဝတီပင်မကျောက်ရိုးစီရေမြောင်း ပြုလုပ်တဲ့လုပ်ငန်း ပေ ၅၀၀ ကို ကျပ်သိန်း ၄၅၀ နဲ့လည်းကောင်း၊ အားကစားသိပ္ပံပတ်လမ်းမှာ၊ ဗိုလ်ချုပ်လမ်းမှာ၊ တောင်ဝင်ဘုံစံလမ်းမှာ၊ ထင်းရှူးလမ်းမှာ၊ ရုံးကြီးလမ်းမှာ၊ (၁၄)လမ်းမှာ Box Culvert များ စုစုပေါင်းကိုးစင်း အတိုင်းအတာအရ ၂၄ ပေ x ၇ ပေ x ၇ ပေအတွက် ကျပ်သိန်း ၂၁၆ သိန်းနှင့်လည်းကောင်း စုစုပေါင်းကုန်ကျငွေ ၁၇၁၆ သိန်းနဲ့ လျာထားဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလိုပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ရေဆိုးထုတ်မြောင်းများနဲ့ မြို့တွင်း Box Culvert များပြုလုပ်ဖို့ရန်အတွက် ငွေကျပ်သိန်းပေါင်း ၃၅၂၉.၅၉ လျာထားပြီး ဆောင်ရွက်နေတာဖြစ်ကြောင်း လေးစားစွာ ပထမတင်ပြလိုပါတယ်။

နောက် ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ရေမြောင်းတစ်ခုနဲ့တစ်ခုချိတ်ဆက်မှုရှိဖို့ရန် အတွက် အုတ်ရေမြောင်းများပြုလုပ်ခြင်း၊ လမ်းဖြတ်တံတားများပြုလုပ်ခြင်းနှင့် ရေစီးဆင်းမှုချိတ်ဆက် မှုရှိဖို့ရန်အတွက် ရေဆိုးထုတ်တံခါးသုံးခုကနေပြီးတော့ ရေဆိုးထုတ်နိုင်ဖို့ရန်အတွက် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ရေဆိုးမြောင်းများဖော်ထုတ်ဖို့ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြဝတီ ပင်မရေမြောင်းကျောက်ရိုးစီလုပ်ငန်း ပေ ၅၀၀ ငွေကျပ် ၄၅၀ သိန်း၊ ရန်ကင်းရပ်ကွက်မှာရှိတဲ့ ပင်မ ရေမြောင်းကျောက်ရိုးစီခြင်းလုပ်ငန်း ပေ ၂၀၀ အတွက် ငွေကျပ်သိန်း ၁၈၀၊ ရုံးကြီးလမ်း၊ မင်္ဂလာဗောဓိ လမ်း၊ ညောင်တပင်လမ်း၊ အုန်နွဲ့ပင်လမ်း၊ ဗိုလ်ချုပ်လမ်း၊ သာစည်လမ်း၊ အေးသာယာ(၁)လမ်းများမှာ အုတ်ရေမြောင်းများပြုလုပ်ခြင်းအတွက် ပေပေါင်း ၁၁၈၀၀ သိန်းပေါင်း ၂၆၄၅.၆ သိန်းနဲ့ လည်းကောင်း၊ နောက် ရုံးကြီးလမ်း၊ အုန်နွဲ့ပင်လမ်း၊ ညောင်တပင်လမ်း၊ အေးသာယာလမ်း(၂)လမ်း၊ ဗိုလ်ချုပ်လမ်း၊ အ.ထ.က(၁)ကျောင်းလမ်း၊ ကျောက္ကာလမ်း၊ အေးသိဒ္ဓိလမ်းနှင့် တခြားလိုအပ်တဲ့ ရပ်ကွက်တွေမှာ လမ်းဖြတ်တံတားပေါင်း အစင်း ၃၀ ပြုလုပ်ခြင်းကို ခန့်မှန်းကုန်ကျငွေ သိန်း ၉၆၀ နဲ့ လည်းကောင်း ဆောင်ရွက်ဖို့ရန်အတွက် လျာထားရေးဆွဲနေပြီဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

ပင်မရေမြောင်းတွေဖြစ်တဲ့ ဗိုလ်ချုပ်လမ်းဘေးဝဲ/ယာ၊ ပြည်ထောင်စုလမ်းဘေးဝဲ/ယာ၊ အောင်မင်္ဂလာ(၁)လမ်းဘေးဝဲ/ယာ၊ အောင်မင်္ဂလာအမှတ်(၃)လမ်းဘေးဝဲ/ယာ၊ သာစည်လမ်းဘေး ဝဲ/ယာ ရေမြောင်းများဆည်ယူခြင်းလုပ်ငန်းကိုလည်း ဆက်လက်ပြီး အကောင်အထည်ဖော်နေ ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ မုံရွာမြို့ ရေကြီးတဲ့အခါမှာ မြို့ပေါ်ရပ်ကွက်တွေမှာ ရေကြီးမှုဖြစ်နိုင်တဲ့ မုံရွာတောင်ရပ်ကွက်၊ နတ်လူထိပ္ပန်ရပ်ကွက်၊ ကန်သာဦးရပ်ကွက်မှာ ရေနစ်မြုပ်မှု အခက်အခဲများဖြေရှင်းနိုင်ရန်အတွက်လည်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီကနေတော့ မြေသားရေမြောင်းတွေတူးဖော်ပေးတယ်။ ရေစုပ်စက်များနဲ့ စုပ်ထုတ်ပေးတာကို ပြည်သူများနှင့်အတူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မုံရွာမြို့အတွင်းမှာ ကိုယ်စားလှယ်တော်ကြီးမေးခွန်းကိုပြန်ဖြေကြား ရရင် ရေစီးရေလာပိုမိုကောင်းမွန်လာရေးအတွက် လိုအပ်တဲ့နေရာများမှာ၊ ဖြစ်ပေါ်လာတဲ့နေရာတိုင်း

မှာ တိုင်းတာတွက်ချက်ပြီးတော့ နှစ်အလိုက်ရန်ပုံငွေလျာထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းနယ်နိမိတ်အကျယ် သတ်မှတ်ပေးပြီး လမ်းမကြီးများဘေး အုတ်စီရေမြောင်းများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းက လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းနယ်နိမိတ်အကျယ်များသတ်မှတ်ပေးပြီး လမ်းမကြီးများဘေးဘယ်/ညာတွင် အုတ်စီရေမြောင်းများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ လှိုင်သာယာမြို့နယ်မှာ စက်မှုဇုန် ၁၂ ဇုန်ရှိပါတယ်။ လူဦးရေကိုးသိန်းကျော်နေထိုင်ပြီး အများပြည်သူများသုံးစွဲပြီး စွန့်ပစ်သည့် ရေဆိုးများသည် စီးဆင်းမှုမရှိဘဲ လူနေအိမ်အောက်တွေမှာ၊ လမ်းမတွေပေါ်မှာ စွန့်ပစ်ရေများရှိနေသဖြင့် ပြည်သူများအတွက် ကျန်းမာရေးအန္တရာယ်စိုးရိမ်စရာပါ။ ကူးစက်ရောဂါဖြစ်စေသော ဝမ်းရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါများ ဖြစ်ပွားလာနိုင်တဲ့အတွက် ပြည်သူတွေအတွက် ကျန်းမာရေးအန္တရာယ်စိုးရိမ်စရာဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်သည် ပန်းလှိုင်မြစ်၊ လှိုင်မြစ်တို့နဲ့ထိစပ်လျက်ရှိနေပါတယ်။ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများကို စနစ်တကျဖော်ဆောင်ပေးခဲ့ခြင်းမရှိသည့်အတွက် မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုဒဏ်ကို အများပြည်သူခံစားရမှာပါ။ ယခု Power Point က ဓာတ်ပုံတွေဟာဆိုလို့ရှိရင် နွေရာသီနှစ်လပိုင်းက ဖေဖော်ဝါရီမှာ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေ ဖြစ်ပါတယ်။ နွေရာသီလိုအချိန်အခါမျိုးမှာတောင်မှပဲ ရေခမ်းခြောက်မှု၊ စီးဆင်းမှုမရှိပါဘူး။ ယခုအခါမှာ လှိုင်သာယာမြို့နယ်မှာ ကွန်ကရစ်လမ်းတွေကို ခင်းပေးနေပါတယ်။ ရေစီးရေလာမကောင်းသဖြင့် ဒီကွန်ကရစ်လမ်းတွေဟာ ရေနစ်မြုပ်မှုဒဏ်ခံရလျှင်လည်း ဒီလမ်းတွေဟာ မကြာမီမှာဘဲ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာနိုင်ပါတယ်။ လမ်းနယ်နိမိတ်များကိုလည်း စနစ်တကျသတ်မှတ်ပေးခဲ့ခြင်းမရှိပါဘူး။ လမ်းနယ်နိမိတ်တွေ စနစ်တကျသတ်မှတ်ပေးခဲ့ခြင်းမရှိတဲ့အခါကျတော့ ရေမြောင်းများတူးဖော်ရာမှာလည်း အခက်အခဲများဖြစ်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တစ်ခုရဲ့ မြို့အင်္ဂါရပ်နဲ့ညီစေရန်အတွက် ကျွန်တော်တို့ လှိုင်သာယာမြို့နယ်အတွင်းရှိ လမ်းများကို လမ်းအကျယ်နယ်နိမိတ်များကို စနစ်တကျသတ်မှတ်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းမကြီးများဘေးဘယ်/ညာတွင် အုတ်စီရေမြောင်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများရေးဆွဲပြီးတော့ နှစ်စဉ်စီမံကိန်းရေးဆွဲပြီးတော့

အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒနယ်ရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို နေပြည်တောင်ကောင်စီကလည်း ထပ်မံဖြေကြားပေးမှာ ဖြစ်ပါတယ်။ လှိုင်သာယာအတွင်းမှာရှိတဲ့လမ်းတွေကို ကွန်ကရစ်လမ်းများအဖြစ် ရန်ကုန်တိုင်း ဒေသကြီး၊ စည်ပင်သာယာရေးကော်မတီက လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲသလို လုပ်ငန်း မဆောင်ရွက်မီမှာဘဲ လမ်းနယ်နိမိတ်တွေကို ပြန်လည်တိုင်းတာခြင်း၊ လမ်းဘေးမြေသားမြောင်းများပါ တူးဖော်ဖို့ရာအတွက် ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ လှိုင်သာယာမြို့နယ်အတွင်းမှာ အဓိက လမ်းမကြီးများရဲ့ လမ်းဘေးရေမြောင်းတွေကို ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းနယ်နိမိတ် အကျယ်သတ်မှတ်ပေးပြီးတော့ လမ်းမကြီးများဘေးမှာ အုတ်စီရေမြောင်းများပြုလုပ်ပေးနိုင်ဖို့ရာ အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ဖို့ စီမံလျာထားထားကြောင်း တင်ပြအပ်ပါတယ်။ အဲဒီမှာ ကျန်စစ်သားလမ်းဘေးရေမြောင်း၊ ရွှေလင်ပန်းချောင်းနှင့် စူလတန်ချောင်းကြားမှာ ပေ ၅၂၀၀၊ ဗိုလ်အောင်ကျော်လမ်းရေမြောင်း၊ ညောင်တုန်းလမ်းနှင့် ပဲခူးလမ်းကြားမှာ ပေ ၄၀၀၀ ကျော် စတင် ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ဘဏ္ဍာရေးနှစ်များအလိုက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မှာ မူတည်ပြီးတော့ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်လျာထားဆောင်ရွက်ပေးပါမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ဆော့လော်မြို့၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ လန်ဆယ် ရွာမကြီး၊ သဘန်ခကျေးရွာနှင့် အခြားရေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ရှိအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုသည်မှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စုနှင့် အခြားကျေးရွာများ၌ ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး

သစ်တုံးအဟောင်းများ မျောပါကာ လန်ဆယ်ကျေးရွာအုပ်စုနှင့် အခြားကျေးရွာများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပါတယ်။ ထိုကဲ့သို့ ရေဘေးဒဏ်ခံစားရတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီး၊ ဌာနဆိုင်ရာများမှာ တပ်မတော်ရဟတ်ယာဉ်ဖြင့် စားနပ်ရိက္ခာများ၊ အခြားလူသုံးကုန်ပစ္စည်းများ သယ်ဆောင်ပို့ခဲ့ပေးပါတယ်။ ထို့အပြင် ရေဘေးသင့်ခဲ့ရတဲ့ဒေသမှ ကျောင်းသားကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်စေရေးအတွက် တပ်မတော်ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ပို့ဆောင်ပေးကာ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး ပညာသင်ကြားခွင့်ရရှိအောင် ကချင်ပြည်နယ်အစိုးရမှလည်း ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ လိုက်ပါလျက် ရေဘေးသင့်ကျောင်းသားကျောင်းသူများရှိရာသို့ သွားရောက်ကြည့်ရှုပေးခဲ့ပြီး လိုအပ်သည်များကိုလည်း ထောက်ပံ့ပေးခဲ့ပါတယ်။ ထို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တပ်မတော်မှအရာရှိများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များအားလုံးကို ပြည်သူများကိုယ်စား အထူးပင်ဝမ်းသာဂုဏ်ယူကျေးဇူးတင်ရှိပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် လမ်းဖောက်လုပ်ပေးခြင်း၊ တံတားတည်ဆောက်ပေးခြင်း ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ သို့သော် ရေဘေးကြုံတွေ့ခဲ့ရစဉ် ထိခိုက်နစ်နာမှုအများဆုံးကြုံတွေ့ခံစားခဲ့ရသည့် လန်ဆယ်ကျေးရွာ၊ သဘန်ခကျေးရွာတို့မှာ ယနေ့အထိ ရေကြီးရေလျှံမှုဖြစ်ခဲ့စဉ် မျောပါလာခဲ့သည့် သစ်တုန်းအဟောင်းများကြားထဲ၌ ဖြစ်သလိုခက်ခက်ခဲခဲနေထိုင်နေကြရသည်ကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် သစ်တုံးအဟောင်းများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ လူနေအိမ်ကွက်များ စနစ်တကျဖော်ထုတ်ပေးခြင်း၊ လူနေအိမ်များ၊ ယဉ်ကျေးမှုရုံးများ၊ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခုကျွန်တော်တို့ပြထားတဲ့ပုံကတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ရေကြီးရေလျှံပြီးမှ လန်ဆယ်ကျေးရွာမှာ သစ်တုံးအဟောင်းကြီးတွေ ဒီလိုသောင်တင်နေတာဖြစ်ပါတယ်။ အခုမြင်နေရတဲ့တံတားကတော့ (နတလ) က ဒီနှစ်ထဲမှာ တည်ဆောက်ပေးထားတာဖြစ်ပါတယ်။ မြင်နေရတဲ့လမ်းကလည်း ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ရွာလယ်လမ်းမကြီးကို လမ်းအူကြောင်းဖောက်လုပ်ပေးထားတာဖြစ်ပါတယ်။ ချောင်းရဲ့ဘေးနားမှာလွတ်နေတာက ယခင်တုန်းကဆိုရင် လမ်းရဲ့တစ်ဖက်တစ်ချက်မှာ လူနေအိမ်အပြည့်ရှိတာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပြီးမှ သစ်တုံးတွေရှိနေတဲ့အတွက် ဒီလိုအိမ်တွေကိုဆောက်လို့မရတာဖြစ်နေပါတယ်။ ဒါကြောင့် ဒီအချိန်မှာ ပြည်သူများကလည်း သစ်တုံးကြားထဲမှာဖြစ်သလိုခက်ခက်ခဲခဲနေနေရပြီး ကျောင်းသားကျောင်းသူများကလည်း သစ်တုံးတွေကိုကျော်ခွပြီးမှ ခက်ခက်ခဲခဲပညာသင်ကြားနေကြရတာဖြစ်ပါတယ်။ ဒီဟာကတော့ ယခင်က ဘောလုံးကွင်းရှိခဲ့တဲ့နေရာဖြစ်ပါတယ်။ ဘောလုံးကွင်းပြန်လည်ဖော်ထုတ်ပေးရန်လိုအပ်တဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ သဘန်ခကျေးရွာဖြစ်ပါတယ်။ ယခင်တုန်းကဆိုရင် ဒီလမ်းရဲ့တစ်ဖက်တစ်ချက်မှာ လူနေအိမ်ရှိတာဖြစ်

ပါတယ်။ ရေဘေးကြုံတွေ့ခဲ့ရတဲ့အချိန်မှာ ချောင်းဘေးမှာရှိတဲ့အိမ်တွေအားလုံး ရေထဲမျောပါသွားတာဖြစ်ပါတယ်။ အခုအချိန်မှာ အိမ်တစ်အိမ်မှာ မိသားစုသုံးလေးစုနေပြီးမှ ခက်ခက်ခဲခဲနေနေကြရတာဖြစ်ပါတယ်။ ဒါကတော့ သထုံဇင် အ.မ.က ကျောင်းဖြစ်ပါတယ်။ မိုးကာလေးနဲ့နေပူတဲ့ အချိန်၊ မိုးရွာတဲ့အချိန် ခက်ခက်ခဲခဲနေနေကြရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ လန်ဆယ်ရွာမကြီး သဘန်ခကျေးရွာအနီး အခြားရေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရတဲ့ ဆော့လော်မြို့၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ လန်ဆယ်ရွာမကြီး၊ သဘန်ခကျေးရွာနှင့် အခြားရေဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးနိုင်မယ်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည် သို့မဟုတ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဘယ့်ကြောင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနှင့် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ဆောင်ရွက်မှုအခြေအနေများကို ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းလင်းစွာတင်ပြနိုင်ရေးအတွက် Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်တွင် ဆော့လော်မြို့နယ်အတွင်းဖြစ်ပွားခဲ့တဲ့ရေဘေးကြောင့် လန်ဆယ်ကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်အစိုးရကလည်း ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်နေ့ကစပြီးတော့မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ထောက်ပံ့ငွေများနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ကျေးရွာရှစ်ရွာအတွက် နေအိမ် ၂၁၂ လုံး၊ အိမ်ထောင်စု ၂၁၂ စုမှ လူဦးရေစုစုပေါင်း ၁၃၅၁ ဦး

အတွက် ဆန်ရိက္ခာဖိုးများ၊ အိမ်ဆောက်ပစ္စည်းဖိုးများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစများ၊ အိမ်အမိုးသွပ်များ၊ ခေါက်ဆွဲခြောက်ထုတ်များ၊ ငါးသေတ္တာများ၊ ထောက်ပံ့ပေးခဲ့တဲ့အပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်နေ့မှာ အဆိုပါဒေသကို ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေး၊ ကယ်ဆယ်ရေးသွားရောက်စဉ်မှာလည်း လန်ဆယ်မှရဟတ်ယာဉ်ခေါ်ဆောင်လာတဲ့ ကျောင်းသားကျောင်းသူ ၁၁၉ ဦးတို့အတွက်ကိုလည်း ပညာသင်စရိတ်ထောက်ပံ့ငွေများ ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၃၆၉ သိန်းကျော်ကို ထောက်ပံ့ပေးခဲ့ပါတယ်။ ရေဘေးသင့်ပြည်သူများ စားနပ်ရိက္ခာပြတ်တောက်မှု၊ ပြတ်လပ်မှုမရှိစေရေးအတွက်လည်း ၂၀၁၆ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ အလှူရှင်များမှ လှူဒါန်းငွေများဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လထိလှူဒါန်းငွေများဖြင့်လည်းကောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကနေ စားနပ်ရိက္ခာများလည်း ထောက်ပံ့ပေးခဲ့ပါတယ်။ မြို့ပြနှင့်သွားလာရေးခက်ခဲမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အနေဖြင့် လမ်းကြောင်းဖောက်လုပ်ရန်အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း ထောက်ပံ့မှုဆောင်ရွက်ပေးခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့က ရေဘေးသင့်အိမ်ခြေများအတွက် အိမ်ဆောက်ပစ္စည်းများကိုဝယ်ယူရန်အတွက်ကိုလည်း တစ်အိမ်ထောင်ကို ကျပ်တစ်သိန်းနှုန်းနဲ့ စုစုပေါင်း ကျပ်သိန်း ၁၃၀ ကိုလည်း ရေဘေးသင့်အိမ်ထောင်စုအလိုက်ထောက်ပံ့ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရေဘေးသင့်ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆော့လော်-လန်ဆယ်-လန်ကင်လမ်းပေါ်ရှိ ပေ ၁၄၀ နှစ်ထပ်သံပေါင်ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းနဲ့ လန်ဆယ်ကျေးရွာတွင် ပေ ၂၀၀ နှစ်ထပ်သံပေါင်ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းတို့ဟာလည်း ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခြင်းဖြစ်ပါတယ်။ လန်ဆယ်-လန်ကင်လမ်းပေါ်ရှိ လုံးချောင်းကူးဘေလီသံပေါင်တံတား ပေ ၈၀ ဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကတော့ နည်းပညာမှားယွင်းမှုကြောင့် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာမှာ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရှိရပါတယ်။

လန်ဆယ်-လန်ကင်မြေသားလမ်း မိုင် ၂၀ နဲ့ ၁၅ မိုင်ပြုပြင်ခြင်းအစား ချီဖွေ-လန်ဆယ်-လန်ကင်လမ်းကြောင်းပေါ်ရှိမြေလမ်း ၂၅ မိုင်မှာ ၁၅ မိုင်မြေပြိုဖယ်ရှားခြင်း၊ ပေ ၂၀ အကျယ် လမ်းတာချဲ့ခြင်းနှင့် Box Culvert ၁၄ စင်းတည်ဆောက်ခြင်းလုပ်ငန်းတွေကလည်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ချီဝန်ရွာနှစ်ထပ်ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းကလည်း ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ဒါ့အပြင် လန်ဆယ်တံတားအထက်ချောင်းနဲ့ ရဝမ်ယဉ်ကျေး မှုရုံးကြား၌ ရေထိန်းနံရံကြားက ရေကာတာအမြင့် ၁၅ ပေနဲ့ အရှည် ၃၀၀ ပေရေကာတာတည်ဆောက် ခြင်းလိုအပ်ချက်ကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ တော်ဝင်မြစ်ကြီးနားဆောက်လုပ်ရေးကုမ္ပဏီတို့နှင့် ညှိနှိုင်းပြီးတော့မှ ကုမ္ပဏီရဲ့လှူဒါန်းမှုနဲ့ဆောက်လုပ်တဲ့လုပ်ငန်းကလည်း ၁၀၀ ရာခိုင်နှုန်း ပြီးစီး ပြီဖြစ်ပါတယ်။ ရေဘေးကြောင့်ပျက်စီးခဲ့တဲ့ လန်ကင်ကြိုးတံတားကိုလည်း ရပ်/ရွာအဖွဲ့အစည်း တွေ၊ ဌာနေပြည်သူ့စစ်အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကိုယ်ထူကိုယ်ထဆောင်ရွက်တဲ့လုပ်ငန်း များကလည်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်နယ်အခြေခံပညာဦးစီးဌာနကလည်း ရန်ပုံငွေ ၁၉.၅ သန်းနဲ့ အ.လ.က(ခွဲ)

မူကြမ်း

လန်ဆယ်မှာ Steel Structure ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်နေတာဟာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနဲ့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် လန်ဆယ်ရွာအတွင်းရှိ ရေမျောသစ်တုန်းတွေ ဖယ်ရှားခြင်းနဲ့ ရွာတွင်းလမ်းဖောက်လုပ်ခြင်းကိုလည်း ကျပ်သိန်း ၁၀၀ ဖြင့်ဆောင်ရွက်လျက်ရှိတာ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဟာ ကျယ်ပြန့်တဲ့အတွက် ဘေးအန္တရာယ်များကျရောက်လာပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့လမ်းညွှန်မှုနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအစိုးရအဖွဲ့များနဲ့ ပူးပေါင်းညှိနှိုင်းပြီးဆောင်ရွက် လျက်ရှိပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး အောက်မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက်နဲ့ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ပြန်လည်ထူထောင်ရေးဦးစီးဌာနကို အသစ်ဖွဲ့စည်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းတွင် တင်ပြပါလုပ်ငန်းများပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတိုရေရှည်သတ်မှတ်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်တဲ့အတွက် ကဏ္ဍများအလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကာ အရေးပေါ်လိုအပ်ပါကလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တောင်တွင်းကြီးမြို့ အစိုးရမြို့မ မူကြိုကျောင်းကို အဆောက်အဦသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အစိုးရမြို့မမူကြိုကျောင်းကို အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ စီစဉ်ထားရှိပါသနည်း သိလိုပါသောကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကျိုးအကြောင်းကို ဖော်ပြပါမယ်။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ကိုယ့်အားကိုယ်ကိုးမြို့မမူကြိုကျောင်းကို ၁၉၉၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်စဉ်ကတည်းကပဲ ကိုယ့်အားကိုယ်ကိုးပြီးတော့ အဆောက်အအုံကို တည်ဆောက်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ အဆောက်အအုံကတော့ အုတ်နံရံ၊ သွပ်မိုး၊ ဝါးထရံမျက်နှာကြက်အမျိုးအစားဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ၎င်းကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းကို အစိုးရမူကြိုကျောင်းအဖြစ်နဲ့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့

ပါတယ်။ အဆောက်အအုံကတော့ ယခင်အဆောက်အအုံသာဖြစ်ပြီးတော့ အစိုးရမှ အသစ်ဆောက်လုပ်ပေးခဲ့ခြင်း မရှိပါဘူး။ ထို့ကြောင့် လက်ရှိ ကိုယ်ထူကိုယ်ထအဆောက်အအုံဟာ နှစ်ပေါင်း ၂၆ နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ထို ၂၆ နှစ်တာကာလအတွင်းမှာ ရာသီဥတုဒဏ်ကိုခံခဲ့ရသကဲ့သို့ ပြင်းထန်သောမြေငလျင်ဒဏ်များကိုလည်း အကြိမ်ကြိမ်ခံခဲ့ရပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်မှာ တောင်တွင်းကြီးမြို့အနီး အရှေ့တောင်ဘက် ၁၀ မိုင်အကွာကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့တဲ့ အင်အားရစ်ချ်တာစကေး ၆.၉ အဆင့်ရှိတဲ့ အင်အားပြင်းငလျင်ကြီးကြောင့် တောင်တွင်းကြီးမြို့အနီး၊ တောင်တွင်းကြီးမြို့အတွင်း ရှေးဟောင်းဘုရားစေတီအများအပြား ပြိုကျပျက်စီးခဲ့ပါတယ်။ ထိုငလျင်ကြီးကြောင့် အဆိုပါမြို့မမူကြို့ကျောင်းဟာ နံရံများကွဲခြင်း၊ ယိုင်နဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ သို့ပါသော်လည်း ကိုယ့်အားကိုယ်ကိုးပြီးတော့ပဲ ပြန်လည်ပြင်ဆင်ဖာထေးအသုံးပြုခဲ့ပါတယ်။ ဒီနောက်အခြားအင်အားအသင့်အတင့်ရှိတဲ့ ငလျင်များရဲ့ဒဏ်ကိုလည်း ခံခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ ချောက်မြို့အနီးကို ဗဟိုပြုပြီးတော့ လှုပ်ခတ်ခဲ့တဲ့ရစ်ချ်တာစကေး ၆.၅ အဆင့်ရှိတဲ့ အင်အားပြင်းငလျင်ဒဏ်ကြောင့်လည်း ပြန်လည်ပြီးကွဲအက်ခဲ့ပါတယ်။ ထို့အပြင် မကြာသေးမီ ၂၀၁၈ ခုနှစ်က ဖြူးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့အင်အားအသင့်အတင့်ရှိတဲ့ ငလျင်၊ နောက် မကြာသေးမီ နေပြည်တော်ရဲ့အနောက်ဘက် မိုင် ၂၀ အကွာကို ဗဟိုပြုပြီးတော့ လှုပ်ခတ်ခဲ့တဲ့အင်အားအသင့်အတင့်ငလျင်များကြောင့်လည်း ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ရတဲ့မူကြို့ကျောင်းအဆောက်အအုံကြီးဟာ ကွဲအက်ကြောင်းကြီးဖြစ်ပေါ်နေပါတယ်။ နံရံများ ယိမ်းယိုင်နေပါတယ်။ အထက်ပါ အကြောင်းများအပြင် တောင်တွင်းကြီးမြို့ဟာ လူဦးရေသိပ်သည်းတဲ့မြို့ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးမူကြို့ကျောင်းစတင်ဖွင့်လှစ်စဉ်ကာလက ကျောင်းသားဦးရေ ၅၀ ကျော်သာရှိသော်လည်းပဲ တဖြည်းဖြည်းတိုးပွားလာရာမှာ အခုအခါမှာ ၁၇၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ ကျောင်းအဆောက်အအုံအတွင်းမှာ ရုံးခန်း၊ ကပြစင်မြင့်၊ စာသင်ခန်းနှစ်ခန်း၊ ချက်ပြုတ်ခန်း၊ ပစ္စည်းသိုလှောင်ခန်း စသည့်အခန်းများဖွဲ့စည်းထားရတဲ့အတွက်ကြောင့် ကလေးသူငယ်များဟာ ကြက်ခြံအတွင်းက ကြက်ပေါက်စလေးများကဲ့သို့ ကျဉ်းကြပ်စွာ နေထိုင်စာသင်နေရပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါ အဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ မျက်နှာကြက်တွေပျက်စီးနေတာဖြစ်ပါတယ်။ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားတဲ့ပုံ ဖြစ်ပါတယ်။ ကွဲအက်နေရာတွေ ဖြစ်ပါတယ်။ ကလေးငယ်များမည်မျှကြပ်သိပ်နေတယ်ဆိုတာ မျက်မြင်ပါပဲ။ ဒါကြောင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မကွေးတိုင်းဒေသကြီး ခရီးစဉ်အတွင်းမှာ အဆိုပါမြို့မမူကြို့ကျောင်းရဲ့လက်ရှိအနေအထားများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် ကျောင်းကော်မတီဝင်များက ဝန်ကြီးထံကို တင်ပြခဲ့ပါတယ်။ ဒုတိယဝန်ကြီးကိုယ်တိုင်လည်း ဝင်ရောက်စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ သို့ပါသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ (၁) ငလျင်အကြိမ်ကြိမ်ခံခဲ့ရတဲ့ ၂၆ နှစ်သက်တမ်းရှိပြီဖြစ်တဲ့ ကိုယ့်အားကိုယ်ကိုးမူကြို့ကျောင်းအဆောက်အအုံကို ဖျက်သိမ်းပြီးတော့ အစိုးရမှ အဆောက်အအုံသစ်တစ်ခု ထပ်မံတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ စီစဉ်ထားရှိပါကြောင်း သိလိုသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အစိုးရမြို့မမူကြိုကျောင်းကို အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ထားရှိပါကြောင်း သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ အသက်သုံးနှစ်မှ အသက်ငါးနှစ်အရွယ်ရှိတဲ့ ကလေးသူငယ်များအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများနှင့်အညီ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် မူလတန်းကြိုကျောင်းများ၊ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို အသိအမှတ်ပြုထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်း ၁၀၄ ကျောင်းရှိပြီး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၉၈၆ ကျောင်းကို အသိအမှတ်ပြုပြီးတော့မှ ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများအတွက် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မူကြိုကျောင်းအသစ်များတည်ဆောက်ခြင်း၊ အဟောင်းများပြုပြင်ခြင်း၊ လိုအပ်သောအဆောက်အဦများကို အသစ်ပြန်လည်တည်ဆောက်ခြင်းများကို ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့မှ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအနက် လူမှုဝန်ထမ်းဦးစီးဌာန၏ဌာနပိုင် မူလတန်းကြိုကျောင်းအဖြစ် လွှဲပြောင်းပေးအပ်သော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံပြီး ဖွင့်လှစ်ပေးခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထောက်ပံ့ကြေးပေးလျက်ရှိသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ ၆၀ ကျော် ရှိပါတယ်။ အဆိုပါ ထောက်ပံ့ကြေးပေးလျက်ရှိသော ကျောင်းများအနက် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ မြို့မကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းဟာ ၁၉၉၂ ခုနှစ်က အုတ်ညှပ်ကျောင်းဆောင်အဖြစ် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ရှိ ကိုယ့်အားကိုယ်ကိုးမြို့မမူလတန်းကြိုကျောင်းကို ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ တောင်မြေ(၂) မူလတန်းကြိုကျောင်းအဖြစ် အမည်ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ၁၀၀ ဆံ့မူလတန်းကြိုကျောင်းအဖြစ် မူကြိုအရွယ်ကလေးငယ်များရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ မူလတန်းကြိုကျောင်းအဆောက်အဦဟာ နှစ်ကာလကြာရှည်

ပြီးဖြစ်ခြင်း၊ အုတ်နံရံများ ကွဲအက်ခြင်းများကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းစရိတ် ငွေကျပ် ၂၃ သိန်းကို ခွင့်ပြုခဲ့ပြီး ပြန်လည်ပြင်ဆင်၍ အသုံးပြုလျက်ရှိပါတယ်။ သို့သော်လည်း အဆောက်အဦကြံ့ခိုင်မှုအားနည်းခြင်း၊ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို လျောင်ဒဏ်ခံခဲ့ရတဲ့အတွက်လည်းကောင်း၊ ကလေးဦးရေနှင့် အခန်းလုံလောက်မှု မရှိခြင်းတို့ကြောင့်လည်းကောင်း၊ ယခင်ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီးတော့မှ နှစ်ထပ် RC ကျောင်းဆောင်တစ်လုံး၊ ရေ၊ မီး၊ မိလ္လာ၊ ပေါ်တီကို အပါအဝင် အသစ်တည်ဆောက်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ပထမဦးစားပေးဖြင့် လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အိန္ဒိယအစိုးရထံမှရရှိမည့် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြမည်၊ ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် ဒေသများရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစောပါ။ ကျွန်တော်မေးမယ့်ကိစ္စက ရခိုင်ပြည်နယ်ကို အိန္ဒိယအစိုးရက သီးခြားထောက်ပံ့ကူညီပေးတဲ့ငွေတွေကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာနဲ့ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်း၊ သတင်းမီဒီယာအသိုင်းအဝိုင်းရဲ့ အာရုံစိုက်တဲ့ဒေသတစ်ခုဖြစ်ပါတယ်။ အဲဒီ နိုင်ငံတချို့နဲ့ ကုလသမဂ္ဂရဲ့အဖွဲ့အစည်းတချို့ဟာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ ရခိုင်အရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့အပေါ်မှာ သဘောထားမမှန်ပါဘူး။ ကျွန်တော်တို့ ခက်ခက်ခဲခဲသွားနေရတဲ့ Democratic Transition ကို အပြုသဘောဆောင်ကူညီတာမဟုတ်ဘဲနဲ့ ဖိအားပေးတာ၊ အမဲမှစွပ်စွဲတာတွေကို နောက် R2B တို့ ICC တို့နဲ့ ခြိမ်းခြောက်တာတွေရှိပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ မိတ်ဆွေကောင်းမပီသတဲ့ အိမ်နီးချင်းတွေရှိသလို မိတ်ဆွေကောင်းပီသတဲ့ နိုင်ငံတွေ၊ အိမ်နီးချင်းတွေလည်း တွေ့မြင်နေရပါတယ်။ တရုတ်နဲ့အိန္ဒိယဟာ ကုလသမဂ္ဂစင်မြင့်မှာ ကျွန်တော်တို့မြန်မာပြည်ဘက်က ပြတ်ပြတ်သားသားရပ်တည်ပေးခဲ့ပါတယ်။ အိန္ဒိယဟာ စိတ်ဓာတ်ရေးရာအရသာမက ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုတွေကို ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးနဲ့ အိန္ဒိယနိုင်ငံ Foreign Secretary ဖြစ်တဲ့ ဒေါက်တာဂျိုက်ရှင်ကာရိုးစ် ဟာ ၂၀-၁၂-၂၀၁၇ နေ့မှာတွေ့ဆုံပြီးတော့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အခြေခံအဆောက်အအုံနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးမှုအတွက် အိန္ဒိယအစိုးရက ထောက်ပံ့ငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်း ဖြင့် ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့သွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ

မြန်မာနိုင်ငံရဲ့ မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး Look East Policy အရ အရှေ့မြောက်ပိုင်းပြည်နယ်များနှင့် မြန်မာနိုင်ငံကိုချိတ်ဆက်ဖို့အတွက် ပလက်ဝမှာ ဆိပ်ကမ်းတစ်ခု၊ စစ်တွေမှာ ဆိပ်ကမ်းကြီးတစ်ခုဆောက်လုပ်နေပါတယ်။ အဲဒီတော့ ဒီ အိန္ဒိယရဲ့ကူညီမှုဟာ ကျွန်တော်တို့ ဆင်းရဲမွဲတေနေတဲ့ ရခိုင်ပြည်အတွက် တစ်စုံတစ်ရာဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မယ်ဆိုတာ အမှန်တရားပါပဲ။ အရေးကြီးတာက စီမံခန့်ခွဲမှုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းက အိန္ဒိယနိုင်ငံမှာရရှိတဲ့ ထောက်ပံ့ငွေတွေကို ပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရကြားထဲမှာ ဘယ်လိုစီမံခန့်ခွဲကြမလဲ။ ဒုတိယတစ်ခုက အဲဒီပံ့ပိုးကူညီတဲ့ငွေတွေကို Development Zone အလိုက်သတ်မှတ်တဲ့အခါမှာ ဘယ်လိုဒေသတွေမှာ သုံးစွဲမလဲ။ နောက် အဲဒီ သုံးစွဲဖို့အတွက် သုံးစွဲတဲ့ဒေသတွေကို ရွေးချယ်တဲ့အခါမှာလည်း ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်သလဲဆိုတာကို ကျွန်တော် တိတိကျကျ သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်မြောက်ဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးဦးလှစောရဲ့ အိန္ဒိယအစိုးရထံမှရရှိတဲ့ အမေရိကန်ဒေါ်လာ ၂၅ သန်းထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရကြားမှာ မည်သို့စီမံခန့်ခွဲကြမယ်။ ရခိုင်ပြည်နယ်ရဲ့ မည်သည့်ဒေသများတွင် သုံးစွဲမယ်နဲ့ ဒေသများရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်များနှင့် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ထားမှုအခြေအနေများကို ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန်နှင့် အချက်များပြည့်စုံအောင်ဖြေကြားရန်နိုင်ရေးအတွက်ကို အချိန်ပို မိနစ်အနည်းငယ်ခန့် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ဟာ ရခိုင်ပြည်နယ်တွင်နေထိုင်သော ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးကို မြှင့်တင်နိုင်ရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရကြား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နားလည်မှုစာချွန်လွှာပါ အချက်အလက်များကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စာလှယ်၏ပထမမေးခွန်းဖြစ်တဲ့ အိန္ဒိယအစိုးရထံမှရရှိမယ့် အမေရိကန်ဒေါ်လာ ၂၅ သန်းထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြသည်နှင့်

ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၅/၂၀၁၇)ဖြင့် ထုတ်ပြန်ထားတဲ့ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းရဲ့ အခန်း(၁၃) ထောက်ပံ့ငွေအပိုဒ် ၁၇၁ တွင် နိုင်ငံတော်မှုဝါဒအရ ထောက်ပံ့ငွေများ သုံးစွဲရာတွင် ထောက်ပံ့ငွေရရှိသည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထောက်ပံ့ငွေရငွေခေါင်းစဉ် အောက်တွင် ရငွေစာရင်းသွင်းပြီး အသုံးစရိတ်များကို သုံးစွဲရာတွင် သာမန်အသုံးစရိတ်အတွက် ဖြစ်ပါက သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်တွင်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်ပါက ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်တွင်လည်းကောင်း စာရင်းသွင်းရမည်ဟု ဖော်ပြထားရှိရာ အိန္ဒိယအစိုးရမှထောက်ပံ့မယ့် တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၅ သန်းဖြင့် ငါးနှစ်အတွက် အမေရိကန် ဒေါ်လာ ၂၅ သန်းကို ပြည်ထောင်စုဘတ်ဂျက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရဲ့ ပြည်ပအကူအညီရငွေ၊ ငွေလုံးငွေရင်းရငွေ (၀၁)ပစ္စည်းခေါင်းစဉ်အောက်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို ရငွေအဖြစ်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် တည်ဆောက်ရေး ခေါင်းစဉ်အောက်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်ညီမျှတဲ့ မြန်မာကျပ်ငွေကို သုံးငွေ အဖြစ်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ထည့်သွင်းလျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နားလည်မှုစာချွန်လွှာပါ သဘောတူညီမှုအရ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်း သတ်မှတ်ထားသော်လည်း လုပ်ငန်းလိုအပ်ချက်အရ ဒေါ်လာ ၂၅ သန်းကို ငါးနှစ်အတွင်း လိုအပ် သလို မျှဝေသုံးစွဲပိုင်ခွင့်ရှိပါတယ်။ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်း များ ဆောင်ရွက်ရန်ဖြစ်သောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ကြိုတင်ညှိနှိုင်းပြီး လုပ်ဆောင်လိုသောလုပ်ငန်းများကို အိန္ဒိယနိုင်ငံအစိုးရသို့ နိုင်ငံခြားရေးဝန်ကြီး ဌာနမှတစ်ဆင့် ပေးပို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဒုတိယမေးခွန်း ဖြစ်တဲ့ ရခိုင်ပြည်နယ်ရဲ့မည်သည့်ဒေသများတွင် သုံးစွဲမယ်နဲ့ တတိယမေးခွန်းဖြစ်တဲ့ ဒေသများ ရွေးချယ်ရာတွင် မည်သည့်စံနှုန်းဖြင့်သတ်မှတ်သည်ကို သိလိုခြင်းနှင့်ပတ်သက်၍ စီမံကိန်းများ အကောင်အထည်ဖော်ရာ စီမံကိန်းဒေသများ ရွေးချယ်ရာတွင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ထံ ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက လျာထားစီမံကိန်းများကို တင်ပြတောင်းခံခဲ့ပါတယ်။ တင်ပြပါ Power Point Slide မှာတင်ပြထားတဲ့အတိုင်းပဲ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေ၊ ဒေသအတွင်း ဖွံ့ဖြိုးရေးကဏ္ဍများ နှင့်ဆက်စပ်ကဏ္ဍများတွေ ဘယ်လိုတွေဆောင်ရွက်နိုင်တယ်ဆိုတာကို အိန္ဒိယနိုင်ငံအစိုးရနဲ့ ကျွန်တော်တို့တွေ MoU ထိုးပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့တောင်းခံရာတွင် နားလည်မှု စာချွန်လွှာပါ စီမံကိန်းများရွေးချယ်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်းများကို အခြေခံပြီး စီမံကိန်းများကို လျာထားပေးပို့စေခဲ့ပါတယ်။ မိမိတို့ဝန်ကြီးဌာနရဲ့ တောင်းခံမှုအရ တင်ပြပါပြည်ထောင်စုဝန်ကြီးဌာန ငါးခုက စီမံကိန်းလုပ်ငန်း ၁၈ ခုအတွက် စုစုပေါင်းခန့်မှန်း US Dollar ၂၆.၅ သန်းနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ငန်း ၁၀ ခုအတွက် စုစုပေါင်းခန့်မှန်း

အမေရိကန်ဒေါ်လာ ၂၄.၅ သန်းတို့ကို အဆိုပြုတင်ပြထားခဲ့ပါတယ်။ ဒီတင်ပြချက်တွေ၊ တန်ဖိုးတွေဟာ ငါးနှစ်စာအတွက် တင်ပြခြင်းဖြစ်ပါတယ်။ အဆိုပါလျာထားစီမံကိန်းများနှင့် တန်ဖိုးများဟာ အဆိုပြုထားခြင်းများဖြစ်ပြီး ထပ်မံညှိနှိုင်းအတည်ပြုရအုံးမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနများလျာထားတဲ့ စီမံကိန်းများအနေနဲ့ နယ်စပ်ဝန်ကြီးဌာနကတော့ လမ်းဖောက်လုပ်ရေးလုပ်ငန်းများအတွက်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တင်ပြပါစီမံကိန်းလုပ်ငန်းများကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင်လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်ပြပါ NEC(Neo face Reverse) Hardware နဲ့ Software ဝယ်ယူလိုခြင်းအတွက်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနကလည်း တင်ပြပါလုပ်ငန်းများအတွက်ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း မြို့နယ် ၁၇ မြို့တို့မှာ မူလတန်းကျောင်းများဖွင့်လှစ်နိုင်ရေးကိစ္စ၊ အမျိုးသမီး၊ ကလေးများနှင့် သက်ငယ်လူငယ်သင်တန်းကျောင်းဖွင့်လှစ်ရန် အမျိုးသမီးနဲ့ အမျိုးသမီးငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ရန်တို့အတွက်ကိုလည်း တင်ပြခဲ့ကြပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ပြည်နယ်အတွင်းမှာ စိစစ်ပြီးတော့မှ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှာ လေ့ကျင့်ရေးစင်တာတွေ တည်ဆောက်ဖို့ကိစ္စ၊ မာန်အောင်၊ ရမ်းဗြဲ၊ ပေါက်တော၊ စစ်တွေနဲ့ ကျောက်ဖြူ မြောက်ဦးမြို့နယ်တွေမှာ သဘာဝဘေးဒဏ်ခံ School can Shelter နဲ့ Multi Purpose Shelter တွေဆောက်လုပ်ခြင်းအတွက်ကိုလည်းကောင်း၊ နောက် ကျန်းမာရေးအတွက် လိုအပ်တဲ့ သားဖွားသင်တန်း၊ ကျန်းမာရေးလုပ်သားသင်တန်း၊ ဆေးပစ္စည်းကိရိယာထောက်ပံ့ခြင်း၊ မြို့နယ် တိုက်နယ်ဆေးရုံ ၂၅ ခုအတွက် အမှိုက်မီးရှို့စက်များတပ်ဆင်ခြင်း၊ နောက် ကျေးရွာ ၃၄ ရွာမှာ RC တစ်ထပ် ကျောင်းဆောင်သစ်တစ်လုံးစီဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲ ပညာရေးဝန်ထမ်းအိမ်ရာသစ်တွေဆောက်လုပ်ခြင်း၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ခြင်း၊ နောက် အိမ်တိုင်ရာရောက် မြို့နယ်အလိုက် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့လုပ်ငန်းများအနေနဲ့လည်း ဆည်များတည်ဆောက်ခြင်း၊ သင်တန်းများ၊ သုတေသနခြံများ၊ ရေချိုငါးမွေးကန်များ ဖော်ထုတ်ခြင်းများနဲ့ အသေးစားစွမ်းအင်စီမံကိန်းအနေနဲ့ ပေါက်တော၊ မြေပုံ၊ ကျောက်ဖြူ တောင်ကုတ်နဲ့ ခမောင်းဆိပ်တို့မှာ Solar Power Plan များဖြင့် လျှပ်စစ်ဓာတ်အားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားဖို့ အဆိုပြုတင်ပြထားပါတယ်။ ထို့အတူပဲ အိန္ဒိယနိုင်ငံကလည်း အိမ်ရာများလှူဒါန်းလိုကြောင်း ကမ်းလှမ်းမှုအရ ပထမ(၁)နှစ်အတွက် ခွဲဝေရရှိမယ့် အမေရိကန်ဒေါ်လာ ၅ သန်းအနက်မှ အိန္ဒိယနိုင်ငံအစိုးရပိုင် Hindu Stand Prefect Ltd မှ ထုတ်လုပ်သော အသင့်တပ်ဆင်အိမ်ရာ အလုံး ၂၅၀ လုံးကို ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိ ငါးသလောက်ကျေးရွာ ရခိုင်တိုင်းရင်းသားများအတွက် ၄၂ လုံး၊ ရွှေသွားကျေးရွာ ဟိန္ဒူဘာသာဝင်များအတွက် ၁၄၈ လုံး၊ ကြိမ်ချောင်းတောင် မူဆလင်များအတွက် ၆၀ လုံးတို့ကို အိန္ဒိယနိုင်ငံအစိုးရက ဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ တင်ပြပါ ဝန်ကြီးဌာနအသီးသီး၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ လျာထားစီမံကိန်းများကို ကျွန်တော်တို့ဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

ဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ညှိနှိုင်းအစည်းအဝေးပြုလုပ်ကာ ရွေးချယ်အတည်ပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းနှင့်စပ်လျဉ်းပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရကြား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယအစိုးရရဲ့ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းကို ရခိုင်ပြည်နယ်တွင်နေထိုင်ကြသော ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများကို ရွေးချယ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး အကျိုးရှိစွာ စီမံခန့်ခွဲသုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေးတစ်ခု မေးခွင့်ပြုပါ။ ကျွန်တော်တို့က ဒီလို စီမံကိန်းဦးစီးဌာနနဲ့ဆွဲထားတဲ့အခါမှာ ဒီဟာက ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် သီးခြားပေးတဲ့ဘတ်ဂျက်ဖြစ်ပါတယ်။ သီးခြားပေးတဲ့ အကူအညီဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလို ရခိုင်ပြည်နယ်ရယ်လည်းမဟုတ်ဘူး။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေကို အဲဒီနိုင်ငံတကာကပေးတဲ့အကူအညီကို စီမံခန့်ခွဲတဲ့အခါမှာ ကျွန်တော်တို့ဒီလို အခုနက နောက်ဆုံးမှာပါခဲ့သလိုလုပ်ငန်းစီမံခန့်ခွဲတဲ့အခါမှာ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေ လုပ်ခဲ့ခြင်းရှိ/မရှိဆိုတာလေးသိချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့တွေအနေနဲ့ အဲဒီတိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို အဲဒီနိုင်ငံတကာပေးတဲ့အကူအညီတွေကိုလုပ်တဲ့အခါမှာ နောက်လာမယ့်အချိန်ကျလို့ရှိရင် Development Zone တွေ ရွေးချယ်တဲ့အခါမှာ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးခွင့်ရှိဖို့အတွက် အဲဒီပြည်သူ့ကိုယ်စားလှယ်တွေကို အကြံပေးပါဝင်ဆွေးနွေးနိုင်ခွင့်၊ အကြံပေးဆွေးနွေးနိုင်ခွင့်ရှိ/မရှိဆိုတာကိုလည်း ထပ်လောင်းပြီး သိချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပါ။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယနိုင်ငံတော်အစိုးရတို့ရဲ့ MoU အရ ဆောင်ရွက်တဲ့ကိစ္စဟာ ရခိုင်ပြည်နယ်အတွက်ကိုပဲ သီးသန့်ထောက်ပံ့ကူညီတဲ့ဒေသဖွံ့ဖြိုးရေးအတွက်ကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို သီးသန့်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နှစ်နိုင်ငံ MoU ထိုးပြီးတော့မှ ဒီလိုဆောင်ရွက်တဲ့လုပ်ငန်းဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အဲဒီပထမဆုံးအကြိမ်မှာပဲ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေ၊ နောက်ရခိုင်ပြည်နယ်အစိုးရတို့ဆီကိုလည်း တောင်းခံတယ်။ ရရှိလာတဲ့စီမံကိန်းတွေအားလုံးကိုလည်း အခုနစောစောက နောက်ဆုံးမှာတင်ပြခဲ့သလိုပဲ ကျွန်တော်တို့ရဲ့ရခိုင်ပြည်နယ်နှင့်သက်ဆိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဒီလုပ်ငန်းတွေဟာ ပြည်သူအပေါ်မှာတိုက်ရိုက်အကျိုးသက်ရောက်မှုရှိ/မရှိ၊ ပိုပြီးတော့မှ ကောင်းမွန်တဲ့အစီအစဉ်ဖြစ်/မဖြစ်တွေကို ညှိနှိုင်း

တိုင်ပင်ပြီးတော့မှ နှစ်အလိုက်၊ နှစ်အလိုက် ပထမတစ်နှစ်မှာ ဒီလုပ်ငန်းတွေလုပ်မယ်။ ဒုတိယနှစ်မှာ ဒီလုပ်ငန်းတွေလုပ်မယ် စသည်ဖြင့် ကျွန်တော်တို့ဒီလိုတိုင်ပင်ပြီးတော့မှ ဆွေးနွေးပြီး ကျွန်တော်တို့ ဆုံးဖြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ ပထမဆုံးဖြစ်တဲ့ အတွက် Stakeholder တွေ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ကို ဦးစားပေး ဆောင်ရွက်သွားတာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ခင်ဗျား။ မေးခွန်းမေးမြန်းချက်နှင့်ပတ်သက်ပြီးမှ ပြောစရာရှိပါတယ်။ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးတဲ့မေးခွန်းမျိုးဟာဆိုလို့ရှိရင် မကြာခဏမေးလာတဲ့ မေးခွန်း မျိုးဖြစ်ပါတယ်။ နောင်လည်း မေးမြန်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်များအနေနဲ့ တစ်ပြေးညီ ဖြစ်စေရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအနေနဲ့ သက်ဆိုင်ရာပြည်နယ်အလိုက် နေ့ထူးနေ့မြတ်မှာ တရားဝင်ရုံးပိတ်ရက်သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရဆီတင်ပြ ညှိနှိုင်းပြီး ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဟာ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်နှင့် အခွင့်အရေးကို အထူးတလည်တာဝန်ယူပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီကိစ္စလေးကိုတော့ဖြင့် ဦးစားပေးဆောင်ရွက်ပေးပါရန် လွှတ်တော် အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ ဖြေကြားပြီးတဲ့ ဝန်ကြီးများအနေနဲ့ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ် သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ခင်စောဝေအား အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ ဒီနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကတော့ တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်

သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သက်ငယ်မုဒိမ်းမှုဖြစ်ပွားနှုန်းမှာ နှစ်စဉ် မြင့်တက်လျက်ရှိပြီးတော့ နှစ်နှစ်ကျော်အတွင်းမှာ မြန်မာတစ်နိုင်ငံလုံး အမှုပေါင်း ၂၀၀၀ နီးပါးထိ ရှိလာတယ်လို့သိရှိရပါတယ်။ ၂၀၁၆ ခုနှစ်တွင် မုဒိမ်းမှုပေါင်း ၁၁၀၀ မှုဖြစ်ပွားခဲ့ရာ သက်ငယ် မုဒိမ်းမှုမှာ ၆၇၁ ခု ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် မုဒိမ်းမှု ၁၄၁၅ မှု ဖြစ်ပွား ခဲ့ရာမှာ သက်ငယ်မုဒိမ်းမှု ၈၉၇ မှုနဲ့ ရာခိုင်နှုန်းဆိုလို့ရှိရင် ၆၄ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မုဒိမ်းမှုပေါင်း ၅၃၃ မှုဖြစ်ပွားခဲ့ရာတွင် သက်ငယ်မုဒိမ်းမှုမှာ ၃၆၀ မှု ရာခိုင်နှုန်းအားဖြင့် ၆၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ သက်ငယ်မုဒိမ်းမှု စုစုပေါင်းမှာ ၁၉၂၈ မှုဖြစ်ပွားခဲ့ကြောင်းကို ပြည်ထဲရေးဒုတိယဝန်ကြီးရဲ့ ပြည်သူ့လွှတ်တော်အတွင်းမှာ ရှင်းလင်းဖြေကြားချက်အရ သိရှိခဲ့ရပါတယ်ရှင်။ ဒါ့အပြင် အမှုကြီး ၁၀ မျိုးတွင်ပါဝင်တဲ့ မုဒိမ်းမှုမှာ ယခုနောက်ပိုင်းတွင် နေရာအနှံ့ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မုဒိမ်းမှု လျော့နည်းကျဆင်းစေသည့် အသိပေးလုပ်ငန်းများ ဆက်တိုက်ဆောင်ရွက်ခဲ့ပါသော်လည်း အမှုများ လျော့နည်းသွားခြင်းမရှိတဲ့အပြင် မုဒိမ်းမှုကျူးလွန်ခံရတဲ့ မိန်းကလေးအချို့မှာ အသက်ဆုံးရှုံးသည် အထိ ကျူးလွန်နေမှုများကို ကြုံတွေ့နေကြရပါတယ်ရှင်။ ဒါ့အပြင် မုဒိမ်းမှုကျူးလွန်ရခြင်းမှာ လူသား စိတ်မရှိခြင်း၊ ဘာသာရေးအဆုံးအမဥ္စ မတည်ခြင်း၊ အသိပညာနည်းပါးခြင်းတို့အပြင် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် ဖြစ်ရတယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးသပ်ဖော်ပြထားတာ ကိုလည်း တွေ့ရှိရပါတယ်ရှင်။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ်မပြည့်သေးသူကိုဆိုသည်လို့ ဖွင့်ဆိုထားပါတယ်။ ကလေး သူငယ်များအား လိင်ပိုင်းဆိုင်ရာစော်ကားခြင်းသည် ကျူးလွန်ခံရတဲ့ ကလေးသူငယ်များကို ထိခိုက် စေရုံသာမက မိသားစုများကိုပါ လူမှုဒုက္ခအမျိုးမျိုးကို ကျရောက်နိုင်ပါတယ်။ ကလေးသူငယ်များဟာ နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် သမီးမိန်းကလေးတွေဆိုတာ အနာဂတ်ရဲ့မိခင်လောင်းတွေဖြစ်ပါတယ်ရှင်။ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကိုကျဆင်းစေသည်သာမက နိုင်ငံ၏အနာဂတ်မျိုးဆက်များဖြစ်တဲ့ ကလေးသူငယ်များ၏ဘဝကို အသက်ရှင်လျက်နဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းရှင်သန်ခြင်းမရှိအောင် ဖျက်ဆီး ခံခဲ့ရခြင်းဖြစ်ပါတယ်။ ကလေးတွေရဲ့စိတ်ထားဖြူစင်အောင်၊ နူးညံ့သိမ်မွေ့အောင်၊ မိမိကိုယ်ကိုယ်မိမိ ယုံကြည်မှုရှိလာအောင် ပြုစုပျိုးထောင်သင့်သလို သူတို့ကိုကာကွယ်ပေးမယ့် ခိုင်မာတဲ့ဥပဒေတစ်ရပ် လည်း ရှိနေသင့်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့မြန်မာနိုင်ငံမှာ ကလေးသူငယ်အပေါ် ကျူးလွန်နေကြတဲ့ဖြစ်မှုများကို လေ့လာကြည့်မယ်ဆိုရင် ကျင့်ဝတ်သိက္ခာအရရော၊ ယဉ်ကျေးမှုအရပါ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရပြီလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖခင်အရင်းမှသမီးအရင်းကို၊ အစ်ကိုအရင်းမှညီမအရင်းကို ကျူးလွန်တာမျိုးတွေကို ကြားသိနေရလို့ပဲဖြစ်ပါတယ်ရှင်။ အခြားတစ်ဘက်မှာဆိုရင်လည်း ကလေး

သူငယ်များ အကာအကွယ်ရရှိရေး၊ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးတို့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေက အချင်းချင်းစုစည်းပြီးတော့ ဗွီနိုင်းတွေကိုင်ပြီး သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးပါ တောင်းဆိုနေကြတာတွေ။ သေဒဏ်ပေးရေးလက်မှတ်ကောက်ခံပွဲများကို ပြုလုပ်နေကြတာတွေကိုလည်း အကုန်လုံးသိရှိပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးအပြီးမှာ သက်ငယ်မုဒိမ်းမှုများနဲ့ပတ်သက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးကို မီဒီယာတွေမှမေးမြန်းခဲ့ရာမှာ ဝန်ကြီးကဖြေကြားခဲ့ပါတယ်။ အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းထိ ပြစ်ဒဏ်ချမှတ်နိုင်ရေးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။ ဒါ့အပြင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲနေပါကြောင်း သက်ငယ်မုဒိမ်းမှုပြစ်ဒဏ်ကို အမြင့်ဆုံး သေဒဏ်ပေးရေးအတွက် လွှတ်တော်တွင်ဆွေးနွေးကြရမည်ဟု ဖြေကြားခဲ့ကြောင်းကို သတင်းဂျာနယ်များရဲ့ဖော်ပြချက်အရ သိရှိခဲ့ရပါတယ်။ သို့သော်လည်း အဆိုပါဥပဒေမှာ ယခုထိတိုင်ထွက်ပေါ်လာခြင်းမရှိသေးပါဘူးရှင်။ ၂၀၁၁ ခုနှစ်မှာ အစပြုပြီးတော့ အမျိုးသမီးများအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေတစ်ခုကို ပေါ်ထွက်လာရန်အတွက် CSO များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိတဲ့သူများပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါသော်လည်း ယနေ့အချိန်ထိ ဥပဒေကြမ်းအဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါမှာ ခရိုင်တရားရုံးများက သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ်နှစ် ၂၀ ချမှတ်လာတာတွေကို တွေ့ရှိလာရပါတယ်။ ပြစ်ဒဏ်ကိုတိုးမြှင့်ချမှတ်ခဲ့ပါသော်လည်း သက်ငယ်မုဒိမ်းတွေမှာ လျော့နည်းပပျောက်မှုမရှိလာဘဲနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေတဲ့အတွက် ထိရောက်တဲ့အထူးဥပဒေတစ်ရပ် လိုအပ်နေပြီဆိုတာကို မီးမောင်းထိုးပြ နေပါတယ်ရှင့်။ မိဘများကိုယ်တိုင် မိမိတို့ရဲ့ကလေးတွေကို ထိန်းသိမ်းစောက်ရှောက်ရမယ့်တာဝန်ရှိသလိုပါဘဲ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများကလည်း ကလေးသူငယ်တွေကို လုံခြုံမှုပေးနိုင်မယ့်ဥပဒေများကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ဖို့ တာဝန်ရှိလာနေပါတယ်။ ထို့အပြင် ကလေးသူငယ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ နိုင်ငံသားတစ်ဦးရသင့်ရထိုက်တဲ့ ဥပဒေအကာအကွယ်ကိုလည်း မရရှိသလို ခံစားနေကြရကြောင်းကိုလည်း ပြည်သူလူထုကြားတွင် ပြောဆိုဝေဖန်နေကြတာတွေကိုလည်း ကြားသိနေကြရပါတယ်ရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ယခုအချိန်တွင် ပြောင်းလဲလာသော ခေတ်အခြေအနေအရ ကလေးသူငယ်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနေမည့်အစား သေဒဏ်အထိပြစ်ဒဏ်ပေးနိုင်တဲ့ အထူးဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းသင့်တယ်လို့ ဥပဒေပညာရှင်များကလည်း ရေးသားပြောဆိုမှုများ ရှိနေကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ (က)မှာ မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးသူငယ်များ၊ ကျဆုံးတဲ့ တပ်မတော်သားများရဲ့ ကလေးများ၊ အိုးမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထား

ပါတယ်။ ထို့အပြင် ၁၉၉၁ ခုနှစ်မှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူညီချက်စာချုပ်အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှင်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ကိုလည်း ပြဋ္ဌာန်းထားပါတယ်။ ဒီအချက်တွေကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်တွေ့ကျကျအကောင်အထည်ဖော်ဖို့ လိုအပ်နေပါပြီရှင်။ တည်ဆဲဥပဒေများနှင့် ကာကွယ်လို့မလုံလောက်တာကို ပေါ်ပေါက်နေတဲ့ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေပြီဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ထိုးထားတဲ့ နိုင်ငံတကာသဘာတူညီချက်တွေအရသော်လည်းကောင်း၊ အသက်ရှင်လျက်နဲ့ ဘဝသေနေတဲ့ သမီးကလေးတွေများမဖြစ်ရလေအောင် မုဒိမ်းမှုကျူးလွန်သူတွေကို ထိရောက်စွာဟန့်တားနိုင်ရန်အတွက် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယခု ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ တင်သွင်းသွားသည့် တစ်နေ့တခြားများပြားလာပြီးတော့ ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံသွားမယ့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိဖြစ်ပေါ်နေတဲ့ သက်ငယ်မုဒိမ်းမှုတွေကို လေ့လာကြည့်မယ်ဆိုရင် တော်တော်ဆိုးဆိုးဝါးဝါးများပြားလာတာကို တွေ့နေရပါတယ်။ ဒီလိုအမှုကိစ္စတွေကို တားဆီးဖို့အတွက် အထူးလုပ်ဆောင်ဖို့ ပြည်သူတွေကလည်း တောင်းဆိုနေကြပြီဆိုတာ ဘယ်လိုမှငြင်းလို့မရတဲ့ အခြေအနေတွေရောက်ရှိနေတယ်ဆိုတာ အားလုံးသိကြမှာပါ။ ကမ္ဘာ့နိုင်ငံရဲ့ဥပဒေတွေကို လေ့လာကြည့်တဲ့အခါမှာ ကလေးတွေအပေါ်ကျူးလွန်တဲ့ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ဥပဒေအမျိုးမျိုးပြဋ္ဌာန်းပြီး လုပ်ဆောင်တာကို တွေ့ရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံအပါအဝင် ဆော်ဒီအာရေးဗီးယားနိုင်ငံစတဲ့ နိုင်ငံများမှာလည်း ကလေးငယ်များအပေါ် မုဒိမ်းမှုကျူးလွန်မယ်ဆိုရင် သေဒဏ်ချမှတ်ပြီး ထိုအမှုများကို နှစ်လအတွင်း စုံစမ်းစစ်ဆေးပေးရန်နှင့် အမိန့်အပြီးသတ်ချမှတ်ရန် မှုခင်းဆေးဘက်ဆိုင်ရာဓာတ်ခွဲခန်းသစ်များဖွင့်လှစ်ပြီး မြန်မြန်ဆန်ဆန်ခြေရာခံစစ်ဆေးသည့် တရားရုံးများပေါ်ပေါက်လာရေးကိုပါ ထည့်သွင်းပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ အများစုကတော့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း

ပြစ်ဒဏ်ချမှတ်ပြီး ကျူးလွန်တဲ့သူဟာ လျှော့ရက်ခံစားခွင့်လုံးဝမရှိတဲ့အပြင် ပြစ်ဒဏ်မျိုးကို ချမှတ်တာတွေ့ရပါတယ်။ နိုင်ငံတချို့မှာတော့ သက်ငယ်မုဒိမ်းမှုတွေကို ကျူးလွန်တဲ့အခါမှာ အသက် ၁၂ နှစ် သို့မဟုတ် ၁၄ နှစ်အောက် ကလေးသူငယ်တွေအပေါ် ကျူးလွန်တာမျိုးဖြစ်ရင် အဆင့်(၁) သက်ငယ်မုဒိမ်းလို့သတ်မှတ်ပြီး အကြီးမားဆုံးနဲ့ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်လေ့ရှိပါတယ်။ ဒီလိုဥပဒေမျိုးကို အမေရိကန်နိုင်ငံမှာရှိတဲ့ ဝါရှင်တန်ပြည်နယ်နဲ့ တချို့သောပြည်နယ်မှာ ပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။ ကျူးလွန်မှုရဲ့ သက်ရောက်မှုအတိုင်းအတာကိုကြည့်ပြီး ကြီးလေးမှုကို တိုင်းတာမျိုးတွေကို လုပ်ဆောင်လေ့ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ဥပဒေမှာကတော့ အခုလိုအသက်အပိုင်းခြားပေါ်မူတည်ပြီး ချမှတ်တဲ့ပြစ်ဒဏ်မျိုးကို တိတိကျကျပြဋ္ဌာန်းထားတာ မရှိသေးပါဘူး။ ပိုမိုစိုးရိမ်စရာကောင်းတဲ့အချက်ကတော့ အခုလို အမှုမျိုးကို ကျူးလွန်တဲ့သူဟာ ထောင်လျှော့ရက်တွေ၊ လွတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ ထောင်ထဲမှာ ခဏလောက်သာ ပြစ်ဒဏ်ကျခံပြီး ပြန်လွတ်လာတာပါပဲ။ ဒီလိုမျိုးအဖြစ်တွေကြောင့် ကျူးလွန်သူဟာ ပြစ်ဒဏ်ကို မဆုံးရှုံးတော့သလို ထောင်ကနေပြန်ထွက်လာတဲ့အခါမှာလည်း ကလေးငယ်နဲ့ မိသားစုများ အပေါ် ပြန်လည်ခြိမ်းခြောက်တာမျိုးတွေ ရှိလာတတ်ပါတယ်။ ထို့အပြင် သက်ငယ်မုဒိမ်းမှုကျူးလွန်ပြီ ဆိုတဲ့ သက်သေအထောက်အထားခိုင်လုံကြောင်း သိသာထင်ရှားလာပြီဆိုရင် ခြောက်လအတွင်း အပြီးအပြတ်အမိန့်ချဖို့ လိုအပ်ပါတယ်။ ဘာ့ကြောင့် ကျွန်မအဲဒီလိုတင်ပြရလဲဆိုရင်တော့ ယခုလက်ရှိ ဖြစ်ပျက်နေတဲ့ ဥပမာတစ်ခုကို ပြောပြချင်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ သဲကုန်းအုပ်စု၊ ညောင်အိုင်ကြီးကျေးရွာမှာ လူတစ်ဦးက သက်ငယ်မုဒိမ်းမှုတစ်ခုကို ကျူးလွန်ခဲ့ပါတယ်။ ကျူးလွန်ခံရသူမှာ အသက် ၁၂ နှစ်ခန့်သာရှိတဲ့အတွက် ရှက်ပြီး လုံးဝဖွင့်မပြော ရဲဘဲ ကိုယ်ဝန်ရလာမှ မိဘများသိရှိပြီး ဇလွန်ရဲစခန်းတွင် တိုင်ကြားခဲ့ပြီး ၀-၂၂၅-၂၀၁၆ နဲ့ ရဲစခန်းမှအရေးယူဆောင်ရွက်ခဲ့ပြီး တရားခံဖမ်းဆီးနိုင်ရေးအတွက် အရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအမှုကို သက်ငယ်မုဒိမ်းမှု ပုဒ်မ ၃၇၆ ဖြင့် ရဲစခန်းမှအမှုဖွင့်အရေးယူ ဆောင်ရွက်ပြီး အရေးယူဆောင်ရွက်ရန် ပြုလုပ်သော်လည်း ပြစ်မှုကျူးလွန်သူဘက်မှ အမျိုးမျိုး ခြိမ်းခြောက်တာကိုခံရခြင်း၊ ပြစ်မှုကျူးလွန်တဲ့သူဘက်က ဘာသာရေးနဲ့ဆက်နွယ်မှုကြောင့် ဇလွန်မြို့မ ရဲစခန်းမှ ၎င်းအမှုကို ဆက်လက်ကိုင်တွယ်ဖို့ အရမ်းကိုခက်ခဲနေတယ်ဆိုတဲ့အကြောင်းကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးကို အခြေအနေအရပ်ရပ်ကိုတင်ပြပြီး ရဲတပ်ဖွဲ့မှူးရုံးမှ DNA စစ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ DNA အဖြေအရ ပြစ်မှုထင်ရှားတာကြောင့် ဇလွန်ရဲစခန်းမှ ၂၆-၁၂-၂၀၁၆ ရက်နေ့တွင် တရားခံအား ဖမ်းဆီးပြီး တရားစွဲဆိုခဲ့ပါတယ်။ ၎င်းအမှုအား ၉ လပိုင်း ၂၀၁၆ ခုနှစ်တွင် တရားစွဲဆိုထားပြီး ယခုအချိန်အထိ တရားခံပြသက်သေစစ်ရန်အဆင့်သာရှိနေပြီး တရားလိုများအမှု ရင်ဆိုင်နေရသည်မှာ နှစ်နှစ်နီးပါးခန့်ရှိနေပြီဖြစ်ပါတယ်။ တရားလိုမိသားစုမှာ ဆင်းရဲနွမ်းပါးတဲ့ အတွက်ကြောင့်မို့လို့ အမှုမှန်မပေါ်ပေါက်မည်ကို စိုးရိမ်နေကြပြီး ကျေးရွာရှိလူကြီးများမှာလည်း အမှုမှန်မပေါ်ပေါက်မည်ကို အလွန်စိုးရိမ်နေကြပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆၊ ၃၆၃ တို့ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် တရားစွဲဆို ခဲ့ပြီး ယခုမှသာ တရားခံအားစတင်စစ်ဆေးဆဲဖြစ်ပြီး ယင်းသက်ငယ်မုဒိမ်းမှုမှရရှိလာသော ကာယကံရှင်မိန်းကလေး၏ကလေးငယ်မှာ အသက်နှစ်နှစ်

အရွယ်ရှိသည့်တိုင် အမှုရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ ပြစ်မှုထင်ရှားနေတာတောင်မှ ခုချိန်ထိတရားခံကို အရေးမယူနိုင်တာကိုကြည့်ခြင်းအားဖြင့် ယခုဖြစ်စဉ်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(က)မှာပါရှိတဲ့ မိခင်နှင့်ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ဆန့်ကျင်နေတာကို တွေ့မြင်ရပါတယ်။ ယခုလိုတရားလိုမိသားစုမှ အဘက်ဘက်မှ များစွာနစ်နာဆုံးရှုံးတဲ့အပြင် ဥပဒေအရလည်း အကာအကွယ်မဲ့နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာမှာ လူ့အခွင့်အရေးကိုအကြောင်းပြပြီး သေဒဏ်ကိုဖျက်သိမ်းသည့် နိုင်ငံရှိသလို နိုင်ငံတော်နှင့်နိုင်ငံသားများကိုကာကွယ်ဖို့အတွက် သေဒဏ်ပြဋ္ဌာန်းထားတဲ့နိုင်ငံများ လည်း ရှိကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် သေဒဏ်ဖျက်သိမ်းထားသည့်နိုင်ငံ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ရာဇသတ်ကြီးဥပဒေတွင် သေဒဏ်ချမှတ်သည့်ပုဒ်မ ၃၀၂ (၁)ကဲ့သို့ ပြဋ္ဌာန်းချက်များရှိသလို သေဒဏ်ချမှတ်ခြင်းကိုခံရနိုင်တဲ့ပြဋ္ဌာန်းချက်များလည်းရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့က ပြဋ္ဌန်းခဲ့တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေမှာလည်း သေဒဏ်ချမှတ်နိုင်သည့် ပြဋ္ဌာန်းချက်များပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ပြင်းပြင်း ထန်ထန်အပြစ်ပေး၊ အရေးယူမှုများ ဆောင်ရွက်မည်ဟုဆိုသော်လည်း တိကျတဲ့ဥပဒေပြဋ္ဌာန်းချက်များ မရှိရင် ထိရောက်မှုအားနည်းနေဆဲဖြစ်မှာ အသေချာပင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံ မှာ နိုင်ငံသူနိုင်ငံသားတို့ရဲ့ အခွင့်အရေးကိုကာကွယ်ပေးနိုင်ဖို့အတွက်နဲ့ ဒီလိုသက်ငယ်မုဒိမ်းမှုလို ကိစ္စရပ်များ လျော့နည်းပပျောက်ဖို့ရာအတွက် တိတိကျကျဥပဒေများ ပြဋ္ဌာန်းဖို့လိုအပ်နေပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသော တစ်နေ့တခြား များပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျ**ရေးဆွဲပြဋ္ဌာန်းပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၄-၆-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးတော့ ၂၁-၅-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကတင်သွင်းသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၉-၁၀-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၃-၁၀-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက်

ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထား ရယူ၍ ဆုံးဖြတ် အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၂၃)ချက်တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းဖတ်ကြားသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)နှင့် ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဖို့ပေးပို့လာပါတယ်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ဖြစ်တဲ့ ၉-၁၀-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့)မှာ လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့စိစစ်လေ့လာတွေ့ရှိချက်နှင့် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများ ကို ၂၃-၁၀-၂၀၁၇ ရက်(တနင်္လာနေ့)နောက်ဆုံးထားပြီးတော့တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့ အတွက်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ ဆွေးနွေးရန်ပြင်ဆင်ချက်အဆိုတင်သွင်း လာပါတယ်။

(က) ဦးအောင်လှိုင်ဝင်း မင်္ဂလာဒုံမဲဆန္ဒနယ်၊

(ခ) ဒေါက်တာသန်းအောင်စိုး မင်းလှမဲဆန္ဒနယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ၁၅-၁၁-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နှင့် ၁၉-၃-၂၀၁၈ ရက်(တနင်္လာနေ့)တို့မှာ ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများ၏သဘောတူဆုံးဖြတ်ချက် များအရ ပြည်သူ့လွှတ်တော်ကဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၂၃)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

| စဉ် | အခန်း | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|---|
| (က) | - | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၂ | ၃ | ၉ မှ ၁၀ | အပိုဒ် ၆၊ အပိုဒ် ၇ |
| (ဂ) | ၃ | ၃ မှ ၄ | ၁၃၊ ၁၅ | အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဆ) |
| (ဃ) | ၄ | ၄၊ ၆ | ၁၇၊ ၂၀ | အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ) |
| (င) | ၅ | ၆ မှ ၇၊ ၉ မှ ၁၀ | ၂၄၊ ၂၇၊ ၂၉၊ ၃၁၊ ၃၂ | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ အပိုဒ်(ပ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဖ) |
| (စ) | ၆ | ၁၁ မှ ၁၃ | ၃၆၊ ၃၉၊ ၄၄ | အပိုဒ် ၁၈ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဇ)၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း |
| (ဆ) | ၇ | ၁၃ မှ ၁၄ | ၄၇၊ ၄၉၊ ၅၀၊ ၅၁ | အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၄၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဘ)၊ အပိုဒ် ၂၅ |
| (ဇ) | ၈ | ၁၄ | ၅၅ | အပိုဒ် ၁၆ အပိုဒ်ခွဲ(ဗ) |
| (ဈ) | ၉ | ၁၅ | ၆၂ | အပိုဒ် ၃၃ |
| (ည) | ၁၀ | ၁၅ မှ ၁၆ | ၆၄၊ ၆၅ | အပိုဒ် ၃၄၊ အပိုဒ် ၃၅ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၂၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ပြင်ဆင်ရန် (၂၃)ချက်ကို အတည်ပြုနိုင်သော်လည်းပဲ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းရဲ့ ပြင်ဆင်ချက်တစ်ခုကို ရှင်းလင်းဖြေကြားရန် ကျန်ရှိနေပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ပါမောက္ခချုပ်ဆရာတော်နဲ့ ဒုတိယပါမောက္ခချုပ်ဆရာတော်တို့ရဲ့ အရည်အချင်းတစ်ရပ်ဖြစ်တဲ့။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးခင်ဗျား။ အခုလောလောဆယ်ကတော့ အဲဒီသဘောတူတဲ့အချက်(၂၃)ချက်အပေါ်မှာ ဝန်ကြီးရဲ့သဘောထားပြောပြဖို့ ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၂၃)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၂၃)ချက်ကို ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီနဲ့ ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်တို့က ပြင်ဆင်ချက်တစ်ချက်ကို တင်သွင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့မှာ အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်နဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုတစ်ခုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥပဒေရဲ့ပုဒ်မ ၁၈ မှာပါတဲ့ တက္ကသိုလ်ရဲ့ပါမောက္ခချုပ်နဲ့ ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့ရဲ့ ဂုဏ်အရည်အချင်းနှင့်ပတ်သက်ပြီးတော့ ဆရာတော်တွေရဲ့အရည်အချင်းကန့်သတ်ချက်ကို ဥပဒေမှာ ပြဋ္ဌာန်းထားတာက သက်တော် ၅၀ နှစ်ဖြစ်ရမယ်။ သိက္ခာတော် ၃၀ ဝါပြည့်ပြီးဖြစ်ရမယ်။ ပါရဂူဘွဲ့ရပြီးတဲ့သူဖြစ်ရမယ်။ အင်္ဂလိပ်စာကျွမ်းကျင်တဲ့သူဖြစ်ရမယ်။ သာသနာ့ဓမ္မာစရိယဘွဲ့ သို့မဟုတ် ပါဠိပါရဂူဘွဲ့ အဲဒီလိုဘွဲ့ကလည်း သုံးခုရရမယ်။ ကျန်းမာပြုကိုယ်တော်ဖြစ်ရမယ် စတဲ့ပြဋ္ဌာန်းချက်တွေ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါတွေဟာ အင်မတန်သင့်လျော်ကောင်းမွန်တဲ့ပြဋ္ဌာန်းချက်တွေဖြစ်တဲ့အတွက် လိုလောက်တဲ့ပြဋ္ဌာန်းချက်တွေလို့လည်း ကျွန်တော်တို့ယူဆပါတယ်။ သို့သော်လည်း ဥပဒေရဲ့ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဆ)မှာပါတဲ့ တာဝန်ယူမယ့်ဆရာတော်ရဲ့မယ်တော်၊ ခမည်းတော် မည်သူမည်ဝါဖြစ်တယ်ဆိုတဲ့ပြဋ္ဌာန်းချက်ကတော့ ဒီကနေ့ကျွန်တော်တို့ပြဋ္ဌာန်းဖို့တင်သွင်းလာတဲ့ ထေရဝါဒနဲ့ဆန့်ကျင်နေတဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေပြင်ဆင်ချက်ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဘယ်လိုဆန့်ကျင်လဲဆိုတာတော့ အနည်းငယ်အကျဉ်းချုပ်လေးတင်ပြခွင့်ပြုပါ။ ဗုဒ္ဓဘာသာက မြတ်စွာဘုရားလက်ထက်

တော်အခါကတည်းက မျိုးရိုးစဉ်ဆက်ကို အခြေခံပြီးတော့ ရဟန်းသံဃာတွေအပေါ်မှာ ဝါစဉ်အကြီး/ အငယ်တွေ၊ ရာထူးသတ်မှတ်တဲ့ဟာတွေဟာ ဗုဒ္ဓဘာသာရဲ့အခြေခံတွေမဟုတ်ပါဘူး။ မြတ်စွာဘုရား လက်ထက်ရှိစဉ်ခါကတည်းက မဇ္ဈိမဒေသမှာ ပြာဟ္မဏပုဏ္ဏားတွေဟာ မြင့်မြတ်တဲ့မျိုးရိုး ပြဟ္မာ့ခံတွင်းက ပေါက်ဖွားတယ်ဆိုပြီးတော့ မဟုတ်တမ်းတရားတွေလှည့်လည်ဟောပြောနေတဲ့အတွက် မြတ်စွာဘုရား ကိုယ်တိုင်ဒါကိုချေဖျက်ခဲ့ရတဲ့သာဓကတွေလည်း အများကြီးရှိပါတယ်။

အဲဒီတော့ မြတ်စွာဘုရားသာသနာတော်မှာ ရဟန်းဝတ်တဲ့ပုဂ္ဂိုလ်များက အဲဒီခေတ်က အနိမ့်ကျ ဆုံးလို့သတ်မှတ်ထားတဲ့ ဆတ္တာသည် အပါအဝင်ပေ့ါနော်။ အဲဒီပုဂ္ဂိုလ်များက ရဟန်းဝတ်ကြတဲ့အခါမှာ ရှင်ဘုရင်တောင်မက နတ်တွေ၊ ပြဟ္မာတွေကတောင် ရှိခိုးရမယ်ဆိုတဲ့ မြတ်စွာဘုရားက ဒီလိုမျိုး ပြောကြားခဲ့တာတွေရှိပါတယ်။ အဲဒီတော့ မယ်တော်၊ ခမည်းတော် မည်သူမည်ဝါဖြစ်ရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်မယ်ဆိုလို့ရှိရင် ဘုရားရဲ့ တရားဟောနဲ့လည်းမညီဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ မြန်မာ့သမိုင်းကိုပြန်ကြည့်မယ်ဆိုရင်လည်း မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာသယ်ဆောင်လာ တဲ့ အရှင်အရဟံကိုယ်တော်မြတ် ရဟန္တာကိုယ်တော်မြတ်ကြီးက ပုဏ္ဏားမျိုးဖြစ်တယ်ဆိုတာ သိရပါ တယ်။ အဲဒီတော့ ဒီဥပဒေပြဋ္ဌာန်းချက်အရ ဒါမျိုးနဲ့ ပြန်လည်တိုက်ဆိုင်စစ်ဆေးမယ်ဆိုလို့ရှိရင် ရှင်အာရဟံတောင်မှ သာသနာပြုခွင့်မရတဲ့အခြေအနေမျိုးဖြစ်ပါလိမ့်မယ်။ ပြီးတော့ ကျွန်တော်တို့ ဒီဘက်ခေတ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပတ္တိရတ္တိစာပေကို ထင်ရှားကျော်ကြားခဲ့တဲ့ ဆရာတော်ကြီးတွေရှိပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီးတို့၊ မင်းကွန်းဆရာတော်ကြီးတို့၊ ဒီဘက် ခေတ်မှာဆိုလို့ရှိရင် ပါမောက္ခချုပ်ဆရာတော်ကြီးတို့၊ သီတဂူဆရာတော်ဘုရားကြီးတို့ ဒီပုဂ္ဂိုလ်တွေရဲ့ မယ်တော်၊ ခမည်းတော် မည်သူမည်ဝါဆိုတာ သိတဲ့သူမရှိသလောက်ရှားပါတယ်။ ကျွန်တော်တို့က မယ်တော်၊ ခမည်းတော်ကို ကိုးကွယ်တဲ့ဝါဒမဟုတ်ပါဘူး။ ကျွန်တော်တို့က ဆရာတော်ရဲ့ဂုဏ်ကို ကိုးကွယ်တယ်။ သီလဂုဏ်၊ သမာဓိဂုဏ်ကို ကိုးကွယ်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေမှာပါဝင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည်ဆိုတဲ့ အချက်က ဒါ ဒီနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေကို နားလည်ပါတယ်။ သို့သော် ဒီကိစ္စသည် နိုင်ငံရေးကိစ္စမဟုတ်ပါဘူး။ ဒါသည် ဘာသာရေးဥပဒေဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ အပြည်ပြည် ဆိုင်ရာက ကြည့်မယ်ဆိုလို့ရှိရင် ထေရဝါဒဗုဒ္ဓသာသနာကို အပြည်ပြည်ဆိုင်ရာက လူမျိုးခြားတွေကို လေ့လာနိုင်အောင် ဖိတ်ခေါ်ပြီးတော့ ဖြန့်ဖြူးမယ့် ဒီတက္ကသိုလ်ကြီးရဲ့ ပါမောက္ခချုပ်ဆရာတော်ကို အဖေ၊ အမေဘယ်သူဖြစ်ရမယ်ဆိုပြီးတော့ ကန့်သတ်ချက်က မဆီလျော်ပါဘူး။ ပြီးတော့ နောက်တစ်ခု ကလည်း လက်ရှိ ဒီဥပဒေက အခုလက်ရှိ တည်ဆဲဥပဒေကိုပယ်ဖျက်ပြီးတော့ အသစ်ပြဋ္ဌာန်းတဲ့ဥပဒေ ဖြစ်ပါတယ်။ လက်ရှိတည်ဆဲဥပဒေကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေကို ဒီနေ့ ကျွန်တော်တို့ လွှတ်တော်ကြီးကနေ ပြီးတော့ တင်သွင်းထားတဲ့ ဥပဒေအသစ်နဲ့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာတောင်မှ ဒီပြဋ္ဌာန်းချက်က မပါပါဘူး။ ဒါက အသစ်ထည့်ပြီးတော့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ ရဟန်းသားတော်တွေကို ကန့်သတ်တဲ့နေရာမှာ ဓမ္မဝိနယတွေကို အသစ်တွေကိုထည့်သွင်းခြင်းက အဟောင်းတွေကို ဖြုတ်တာလည်းမသင့်လျော်သလို မရှိသေးတဲ့ အသစ်တွေကို အဆန်းထွင်ပြီးတော့ ဒီပညက်ထဲမှာ ထည့်တာကလည်း သင့်လျော်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ပြီးတော့ နောက်တစ်ခုက ဒီဟာက ဘာသာရေးအယူအဆတင်မကပါဘူး။ တစ်ချိန်မှာ ဒီတာဝန်ကိုထမ်းဆောင်နေတဲ့ ပါမောက္ခချုပ်ဆရာတော်ပုဂ္ဂိုလ်ကို အဖေ၊ အမေ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုပြီးတော့ ကန့်ကွက်တဲ့သူတွေရှိလာလို့ရှိရင် သာသနာတော်အတွက် ဘာမှအကျိုးကြီးမယ့် ကိစ္စ မဟုတ်ပါဘူး။ အကျိုးယုတ်ဖို့ပဲရှိပါတယ်။ အဲဒီတော့ ဒီနေရာကိုရထားတဲ့ ရာထူးတာဝန် မဟုတ်ပါဘူး။ လောကီက ဒီနေရာမှာ ရသွားတဲ့ဆရာတော်ဘုရားကလည်း ပင်ပန်းဆင်းရဲပြီးတော့ ပိုပြီးတော့ အလုပ်လုပ်ရတဲ့နေရာမှာ။ အဲဒီတော့ အဲဒီနေရာမှာရှိတဲ့ဆရာတော်ကို အများသူငှာ ကဲ့ရဲ့ဖို့။ ဒါကတော့ ကဲ့ရဲ့တဲ့သူဆိုတာ ပေါ်မလာဘူးလို့ ပြောလို့မရပါဘူး။ မြတ်စွာဘုရားတောင်မှ ကဲ့ရဲ့ခံရခြင်း မလွတ်တဲ့အခါကျတော့ ဒီဆရာတော်နဲ့ပတ်သက်ပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းချက်တစ်ခုနဲ့ ကန့်ကွက် လာခဲ့မယ်ဆိုလို့ရှိရင် သာသနာတော်အတွက် ဘာမှအကျိုးမရှိတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေသည် မြတ်စွာဘုရားရဲ့သာသနာတော်ကို တချိန်မှာ ရှေ့ကိုဆက်အောင်၊ သာသနာတော်စည်ပင်ပြန့်ပွားအောင်သာ ရေးတဲ့ပြဋ္ဌာန်းချက်တွေ ပါသင့်ပါတယ်။ အနှောင့်အယှက်ဖြစ်မယ့် မျိုးစေ့တွေကို ကျွန်တော်တို့ ဒီဥပဒေတွေထဲမှာ ထည့်သွင်း ရေးဆွဲခြင်းက မထိုက်ပါဘူး။ ဒါကြောင့်မို့လို့ ဘုရားတရားတော်မှာပါတဲ့ မဆုတ်ယုတ်ခြင်း အကြောင်းတရားမှာပါတဲ့ အပညတ္တံ၊ နပညတ်ပေသန္တိ ရှေ့က မပညတ်သေးတဲ့ဟာတွေကို အဆန်း ထွင်ပြီးတော့ မပညတ်သင့်ပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေမှာပါတဲ့ အခြားပြဋ္ဌာန်းချက်တွေနဲ့ လုံလောက်ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပါမောက္ခချုပ်ဆရာတော်နဲ့ ဒုတိယပါမောက္ခချုပ် ဆရာတော် ဘုရားများရဲ့အရည်အချင်းကန့်သတ်ချက်မှာပါတဲ့ ပုဒ်မ ၁၈ အပိုဒ်ခွဲ(ဆ)မှာပါတဲ့ မယ်တော်၊ ခမည်းတော်ကန့်သတ်ချက်ကိုဖြုတ်ပြီးတော့ ရဟန်း ရှင်လူအများ၏ ရိုသေလေးစားခံယူထိုက်သော ဆရာတော်ဖြစ်သည်ဆိုလျှင် လုံလောက်တဲ့အကြောင်း ကျွန်တော့်ရဲ့ ပြင်ဆင်ရန်အဆိုပြုချက်ကို လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဥပဒေ ကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ အမှတ်စဉ် ၃၈ အပိုဒ် ၁၈ ရဲ့ အပိုဒ်ခွဲ(ဆ)ဖြစ်ပါတယ်။ ဒါ အခန်း(၆) ထဲမှာပါတဲ့ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် သင်ကြားရေးနှင့်ဆိုင်တဲ့ ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များဖြစ်ပါတယ်။ သူ့ရဲ့သတ်မှတ်ချက်များက အချက်ရှစ်ချက်ရှိပြီးတော့ အခု အပိုဒ် ကတော့ ခုနစ်ချက်မြောက်ဖြစ်တဲ့ အပိုဒ် ၁၈ ရဲ့ အပိုဒ်ခွဲ(ဆ)ဖြစ်ပါတယ်။ အပိုဒ် ၁၈ ရဲ့ အပိုဒ်ခွဲ(ဆ)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည့်အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော်ဖြစ်ရမည်ဟု ဥပဒေကြမ်း

ကော်မတီက ပြင်ဆင်တင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် ဗုဒ္ဓအဆုံးအမ ပဋိပတ္တိသာသနာကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းမပြုဘဲနဲ့ မူလအတိုင်း ဆက်ခံထိန်းသိမ်းခြင်းဟူတဲ့ ထေရဝါဒအခြေခံမူများအတိုင်းပဲ လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ထေရဝါဒငါးနိုင်ရဲ့ ဦးဆောင်နေရာမှာ ရှိနေသည့်အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီးတော့မှ ပြည်ပနိုင်ငံများက ထေရဝါဒဗုဒ္ဓသာသနာကို အရင်းအမြစ်ကျကျလာရောက်လေ့လာလိုသူတို့ကို အခမဲ့သင်ကြားပို့ချပေးလျက်ရှိပါတယ်။ မိမိတို့နိုင်ငံမှာရှိ ဗုဒ္ဓဘာသာဝင်များရဲ့ စွမ်းဆောင်မှုအရည်အချင်းအရ ပေါ်ထွန်းလာတဲ့တက္ကသိုလ်ဖြစ်လို့မို့လို့ ဥပဒေကြမ်းပါ တက္ကသိုလ်ရည်မှန်းချက်ဖြစ်တဲ့ ပုဒ်မ ၈ ပုဒ်မခွဲ(က)၊ (ခ)၊ (စ) တို့ကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပါမောက္ခချုပ်ဆရာတော်နှင့် ဒုတိယပါမောက္ခချုပ်ဆရာတော်တို့သည် မြန်မာနိုင်ငံ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များသာ ဖြစ်စေသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါမောက္ခချုပ်ဆရာတော်နဲ့ ဒုတိယပါမောက္ခချုပ်ဆရာတော်တို့ရဲ့ အရည်အချင်းတစ်ရပ်အဖြစ်နဲ့ တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည်ဟု ဆိုတဲ့ပြဋ္ဌာန်းချက်သည် ထေရဝါဒဗုဒ္ဓသာသနာအယူအဆနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါ။ ဝိနည်း၊ မဟာဝါ၊ အန္တိမ ဣဒ္ဓိယကထာ သာကီဝင်မျိုးနွယ်များ ရဟန်းပြုလိုလျှင် ချက်ချင်းရဟန်းပြုခွင့် ပြုပြီးတော့မှ ဒိဋ္ဌိဘောင်မှ ကူးပြောင်းဝင်ရောက်လာသူများ ရဟန်းပြုလိုလျှင် အနည်းဆုံးလေးလ စောင့်ဆိုင်းပြီး အစမ်းသပ်ခံပြီးမှ ရဟန်းဝတ်ခွင့်ရှိကြောင်း ဗုဒ္ဓကပညတ်တော်မူခဲ့ပါတယ်။

တစ်ခါ ဓမ္မပဒအဋ္ဌကထာမှလည်းပဲ ဝိတဓူပဇာတ်လမ်းမှာ သာကီဝင်မျိုးတို့ရဲ့အသက်ကို ဝိတဓူပဘေးကနေ ကယ်တင်လိုတာကြောင့်မို့လို့ သစ်ရွက်တို့၊ အရိပ်တို့မရှိတဲ့ ရိုးတံမျှသာရှိတဲ့ သစ်ပင်အောက်ကို ဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူပြီးတော့မှ အခုနက ဆွေမျိုးတို့ရဲ့ အရိပ်အာဝါသသည် အေးမြကြောင်း ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။ ဘုရားရှင်အနေနဲ့ အမျိုး၊ ဇာတ်ခွဲခြားခြင်းကိုသာ ရှုံ့ချပါတယ်။ အမျိုးအနွယ်ကို ပဓာနထားသော အထောက်အထားများကိုသာ ထေရဝါဒပိဋကတ်တော်များမှာ တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

ထေရဝါဒတက္ကသိုလ်ကို ဦးဆောင်မယ့် ရဟန်းတော်သည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအရ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ရဲ့စီမံကွပ်ကဲမှုကို နာခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်ပါမောက္ခချုပ်ရာထူးအဆင့်ကို ခန့်အပ်ရာမှာ တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံခြားသားကို ခန့်အပ်ပါက ဝန်ထမ်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်ဆန့်ကျင်ကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်သည့်အပြင် ရဟန်းရှင်သူများရဲ့ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော်ဖြစ်ရ

မယ်လို့ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ အဲဒီအခြေအနေတွေကြောင့်မို့လို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ရဲ့ဆရာတော်ကြီးများက ယင်းစကားရပ်ကို မူလအတိုင်းထားရှိရန် အားလုံးသဘောတူဆုံးဖြတ်ထားခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ သို့ပါ၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်နှင့် ဒုတိယပါမောက္ခချုပ်ဆရာတော်တို့ရဲ့အရည်အချင်းသတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီးတော့မှ မူလအတိုင်းထားရှိခြင်းအားဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ရေးကိုလည်း အထောက်အကူပြုနိုင်ခြင်း၊ တစ်စုံတစ်ဦး အခြားတစ်ဖွဲ့တစ်သင်းတို့ကိုလည်း တစ်စုံတစ်ရာထိခိုက်နစ်နာမှုမရှိစေခြင်းတို့ကြောင့်မို့လို့ ယင်းစကားရပ်ကိုပြင်ဆင်ခြင်းမပြုဘဲ မူလအတိုင်းသာထားရှိသင့်ပါကြောင်း လေးစားစွာ သဘောထားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့်အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ဦးအောင်လှိုင်ဝင်းတို့က ပြင်ဆင်ချက်အဆိုများတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အပေါ်မူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်လှိုင်ဝင်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၉၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၆၇ မဲနှင့် ကြားနေဆန္ဒမဲ ၈ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ)သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးပါပြီ။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း

အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ (၁.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Pe Than



U Naing Thet Lwin

pyithu.hluttaw.mm



U Aung Myin Tun



U Nyunt Aung

pyithu.hluttaw.mm



U Aung Myin Tun



U Win Min

pyithu.hluttaw.mm



U Soe Aung



U Lar Mar Lay

pyithu.hluttaw.mm



U Soe Aung




U Min Thein

pyithu.hluttaw.mm



U Soe Aung



U Oo Hla Saw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်